# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 February 2023 ၁၁၀၁၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးသည် ခိုင်မာသည်ထက် ခိုင်မာလျက်ရှိ နှစ်နိုင်ငံလုံးအနေဖြင့် ရင်းနှီးချစ်ကြည်ပြီး နီးကပ်သည့် ဆက်ဆံရေးအား တန်ဖိုးထားထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရုရှား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညှော်ခံပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

**သတိပြုဖွယ် သတင်းများအန္တရာယ်**

ဆောင်းပါး စာမျက်နှာ » ၆

**(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်ကျင်းပ**

စာမျက်နှာ » ၁၁



**၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၅




ကြေးမုံ

# နိုင်ငံတကာဆက်ဆံရေး ခိုင်မာအားကောင်းရေးကြိုးပမ်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလကတည်းက ကမ္ဘာပေါ်ရှိ နိုင်ငံအများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံအများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ ဆက်ဆံနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံအပေါ် မည်သည့်သဘောထားမူဝါဒဖြင့် ဆက်ဆံစေကာမူ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရပ်တည်လျက်ရှိသည်။

"ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံးလိုအပ်နေသည့်အရာသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်ပါကြောင်း၊ ထိုအရာများသည် တသီးတခြားစီ ရပ်တည်၍မရဘဲ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေရသည့် အရာများပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုမရှိဘဲ တည်ငြိမ်မှုမရနိုင်သကဲ့သို့ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မရနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များပြည့်စုံရေးအတွက် မိမိတို့အားလုံးသည် နိုင်ငံတကာဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် မပြတ်မနေကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖေဖော်ဝါရီ ၁၆ ရက်နေ့ကကျင်းပသည့် မြန်မာ–ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင်ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးကြသည့်နိုင်ငံသည် အများစုဖြစ်သည်။ ကမ္ဘာပေါ်ရှိ ပြည်သူအများစုသည် ဒီမိုကရေစီစနစ်ကို လက်ခံနှစ်သက်ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးစ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ရာ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာရေးအတွက် ဒီမိုကရေစီတန်ဖိုးများ၊ စံနှုန်းများနှင့်အညီ နိုင်ငံအချင်းချင်း ကူညီရိုင်းပင်းကြရမည်ဖြစ်သည်။ ကမ္ဘာ့မျက်နှာစာအသီးသီးတွင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသည့် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်ကြုံတွေ့နေရသော်လည်း ကုလသမဂ္ဂအပါအဝင် ဒေသတွင်းရှိ အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အချိန်မှစ၍ ယနေ့အချိန်ကာလအထိ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံများအား ကိုယ်စားပြုသည့် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှုနှင့် တရားမျှတမှုရှိပြီး သာယာဝပြောသည့် အသိုက်အဝန်းကြီးဖြစ်ပေါ်ရေးကို ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်လင့်သည်။

သို့သော် ကမ္ဘာပေါ်ရှိ ဒီမိုကရေစီကို တန်ဖိုးထားကျင့်သုံးနေပါသည်ဆိုသော အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကိစ္စများတွင် အကြောင်းအမျိုးမျိုးပြ၍ ဝင်ရောက်စွက်ဖက်ကာ နိုင်ငံတော်ကိုဆန့်ကျင်နေသည့် အဖွဲ့အမျိုးမျိုးတို့အား သွေးထိုးမြှောက်ပင့်ပေးပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းလမ်းမျိုးစုံအသုံးပြု၍ ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံငယ်လေးများအပေါ် မလိုတစ်မျိုး လိုတစ်မျိုးလုပ်ပြီး အားပေးထောက်ခံမှုများ၊ ခွဲခြားဆက်ဆံမှုများ၊ ဖိအားပေးအကျပ်ကိုင်မှုများ၊ အနိုင်ကျင့်ဗိုလ်ကျမှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။ အမှန်တကယ်တွင် နိုင်ငံများ၊ ပြည်သူများက ဒီမိုကရေစီကျင့်စဉ်ကို နှစ်သက်သော်လည်း အခွင့်အာဏာရှိသူများက ဒီမိုကရေစီကိုအသုံးချ၍ ဖျက်ဆီးနေခြင်းဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် အင်အားကြီးသူတို့က အင်အားနည်းသူတို့အပေါ် တစ်ဖက်သတ်ဝါဒစွဲဖြင့်၊ မတူညီသည့်နိုင်ငံရေးစနစ်ဖြင့် အတွေးအခေါ်များအပေါ် လွှမ်းမိုးထိန်းချုပ်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက်အားထုတ်နေကြသည်ကို သတိချပ်ဖို့လိုသည်။ အဆိုးဆုံးမှာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အသုံးချ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက် ခြယ်လှယ်နေသည်တို့ကို စိတ်ပျက်ဖွယ်တွေ့မြင်နေရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသည် စစ်မှန်သောဒီမိုကရေစီစနစ်ကို တန်ဖိုးထား လေးစားကာ နိုင်ငံတကာဆက်ဆံရေးကို ခိုင်မာအားကောင်းအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကို ရှေးရှု၍ ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့ တက်လှမ်းသွားမည်ဖြစ်ပါကြောင်း။ ။


ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့


## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်နှင့် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ်ရှိကံသာကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ခေါင်းရင်းတော်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဝိဇိတာရာမကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ လေသာပရိယတ္တိစာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နေထွက်ဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မောက်မယ်မြို့နယ်၌ ဝါကျွတ်ပွဲ(ခေါ်) ကောက်သစ်စားပွဲများ ကျင်းပ

မောက်မယ် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်း ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ ကွန်ကျိုင်းဘုန်းတော်ကြီးကျောင်း၌ ဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲကို ယမန်နေ့ည ၆ နာရီက ကျင်းပသည်။

ထိုဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများရှိ ဝါစဉ်ကျောင်းအလိုက် ကျင်းပကြရာ လှူဖွယ်ပစ္စည်းပဒေသာပင်များဖြင့် ထိုကျောင်းအားလှည့်လည်ပူဇော်ခံကန်တော့ကြပြီး ပျော်ပွဲရွှင်ပွဲများဖြင့် ထိုညတွင် လူငယ်လူရွယ်များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။ ယနေ့နံနက် ၆ နာရီတွင် ပင့်ဖိတ်ထားသည့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဘောဇဉ်၊ ခဲဖွယ်များ ဆက်ကပ်လှူဒါန်းကာ ပူဇော်ကန်တော့ကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ရပ်နီးရပ်ဝေးမှ ကြွရောက်လာကြသော ဓမ္မမိတ်ဆွေများအား အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

✪ ရှေ့ဖုံးမှ
ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ အခမ်းအနားကို ရုရှား- မြန်မာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာနီကိုလိုင်း လစ်စတိုပါဒွေ့ဗ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် ထူထောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးသည် ခိုင်မာသည်ထက် ခိုင်မာလျက်ရှိပြီး နှစ်နိုင်ငံလုံးအနေဖြင့် ရင်းနှီးချစ်ကြည်ပြီး နီးကပ်သည့်ဆက်ဆံရေးအား တန်ဖိုးထား ထိန်းသိမ်းနိုင်ခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒွေ့ဗ်တို့ ရုရှား-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြစဉ်။

သည်ကို တွေ့မြင်ရကြောင်း၊ ယင်းကာလတစ်လျှောက်တွင် ရုရှားနိုင်ငံက မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံနှင့် နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက် ထောက်ခံအားပေးခဲ့သည့်အပေါ်တွင်လည်း မိမိတို့အနေဖြင့် တန်ဖိုးထားပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာနီကိုလိုင်း လစ်စတိုပါဒွေ့ဗ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ပေါ်လွင်ထင်ဟပ်နေမည်**

မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးကာလအစ ကောင်းမွန်သည့်ပြယုဂ်များအနေဖြင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအတွက် ရုရှားနိုင်ငံမှ တည်ဆောက်ပေးခဲ့သည့် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၁၉၆၁ ခုနှစ်က ဖွင့်လှစ်ခဲ့သော စဝ်စံထွန်းဆေးရုံ၊ ၁၉၆၁ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ရန်ကုန် အင်းယားလိတ်ဟိုတယ်နှင့် ၁၉၆၇ ခုနှစ်တွင် ပြီးစီးခဲ့သည့် ကြက်မောက်တောင်ဆည်တို့သည် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲမှုကို အမြဲတမ်းပေါ်လွင်ထင်ဟပ်နေမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံ ဆက်ဆံရေး၏ အလယ်ကာလ ၁၉၈၀ - ၁၉၉၀ ပတ်ဝန်းကျင်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံ၏အနာဂတ်ကို ပိုင်စိုးကြမည့် မျိုးဆက်သစ်မြန်မာနိုင်ငံသား လူငယ်လူရွယ်များ၏ အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးတက်ပြည့်စုံစေရေးအတွက်နှင့် နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးတို့အတွက် ရုရှားနိုင်ငံတွင် ပညာတော်သင်များ စေလွှတ်သင်ယူခဲ့သကဲ့သို့ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူချိန်တွင် မြန်မာ-ရုရှားဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကိုလည်း မိမိအနေဖြင့် ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှုနှင့် နှစ်ဖက်ပူးတွဲအားထုတ်မှုများကြောင့် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့အချိန်တွင် အမြင့်ဆုံးသို့ ရောက်ရှိနေပြီဟု မိမိတို့အနေဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားနိုင်ပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကောင်းမွန်စွာလည်ပတ် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများစွာသည်လည်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအပေါ်တွင် နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုဖြစ်ထွန်းစေခဲ့ပြီး နှစ်နိုင်ငံနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ချဲ့ထွင်နိုင်စေမည်ဟု ယုံကြည်ပါကြောင်း။

**အနာဂတ်ပူးပေါင်းဆောင်ရွက်ရေး**

နှစ်နိုင်ငံအတွက် အကျိုးစီးပွား ရလဒ်ကောင်းများကို ထပ်လောင်းဖော်ဆောင်ပေးမည့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ် အလားအလာသစ်များ ရှိဆဲဖြစ်သည်ဟုလည်း မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါကြောင်း၊ ယင်းအလားအလာများကိုအပြည့်အဝဖော်ထုတ်အကောင်အထည်ဖော်ရန် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို မကြာမီကာလတွင် ဖွင့်လှစ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှားနိုင်ငံတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသစ်များ ဖွင့်လှစ်နိုင်ခြင်းသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့် အဆင့်တစ်ဆင့်သို့ ရောက်ရှိစေရေးအတွက် မိမိတို့၏ ပူးတွဲကြိုးပမ်းမှုများကို သိသိသာသာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

စာမျက်နှာ ၄ သို့ ✪

**❍ နှစ်နိုင်ငံအတွက် အကျိုးစီးပွားရလဒ်ကောင်းများကို ထပ်လောင်းဖော်ဆောင်ပေးမည့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ် အလားအလာသစ်များရှိဆဲဖြစ်သည်ဟုလည်း မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါကြောင်း၊ ယင်းအလားအလာများကို အပြည့်အဝဖော်ထုတ် အကောင်အထည်ဖော်ရန် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို မကြာမီကာလတွင် ဖွင့်လှစ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိ**

**❍ ရုရှားနိုင်ငံတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသစ်များ ဖွင့်လှစ်နိုင်ခြင်းသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့် အဆင့်တစ်ဆင့်သို့ ရောက်ရှိစေရေးအတွက် မိမိတို့၏ ပူးတွဲကြိုးပမ်းမှုများကို သိသိသာသာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာနီကိုလိုင်း လစ်စတိုပါဒွေ့ဗ်တို့ ရုရှား-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။



✪ စာမျက်နှာ ၃ မှ

မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတောက်ပသည့် ကဏ္ဍသစ်တစ်ရပ်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းလျက်ရှိသည့် ကာလတွင် ယခု(၇၅)နှစ်မြောက် စိန်ရတု အခါသမယသည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား တည်ရှိသည့် အထူးကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ပြုဆင်နွှဲရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မင်္ဂလာရှိသည့် ညချမ်းအချိန်အခါတွင် မိမိတို့အနေဖြင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်ကို အမှတ်ရရုံသာမက နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ချဲ့ထွင်ရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည့် အခါသမယလည်းဖြစ်ကြောင်း၊ (၇၅)နှစ်တာ ခရီးကာလကို အောင်မြင်စွာ အတူတကွ လျှောက်လှမ်းခဲ့ကြသည့် မြန်မာ – ရုရှား အစိုးရများနှင့် ပြည်သူများကို ချီးကျူးဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရုရှားပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက် သာယာဝပြောစေရေးအတွက်လည်းကောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် မိတ်ဆွေများ ကျန်းမာ၊ ချမ်းသာကြစေရေးအတွက်လည်းကောင်း ဆုမွန်ကောင်းတောင်းအပ်ကြောင်း ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးတို့သည် ရုရှား–မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် ရုရှားအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန–၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံး များမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်ထံသို့ မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယအတွက် ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ဖတ်ကြားပြီး မိန့်ခွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာနီကိုလိုင်း လစ်စတိုပါဒေါ့ဗ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ်အခါသမယအတွက် ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားပြီး မိန့်ခွန်းပြောကြားသည်။

**ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်အနေအထားကွာခြားချက်များရှိလင့်ကစား လွန်ခဲ့သည့် ဆယ်စုနှစ် ခုနစ်ခုကျော်ကာလအတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုတို့ကိုအခြေခံကာ နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူပြီးနောက်ပိုင်းတွင် ပိုမိုများပြားလာသည့် အပြန်အလှန်ခရီးစဉ်များနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများက နှစ်နိုင်ငံဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်ခဲ့သည်မှာ ကျေနပ်အားရဖွယ်ဖြစ်ကြောင်း ပြောကြားသည်။

**ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်**

အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လာမည့်နှစ်များအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားနိုင်ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ခိုင်မာသည့်ကတိကဝတ်များကို ဖော်ပြခဲ့ကြသည်။

ဆက်လက်၍ မြန်မာ–ရုရှားနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဗီဒီယိုမှတ်တမ်းကိုပြသခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရုရှားသံရုံးတို့မှ အနုပညာရှင်များက နှစ်နိုင်ငံ ရိုးရာတင်ဆက်မှုများနှင့် ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ တာဝန်ရှိသူများ ဝန်ကြီးဌာနကိုးခုနှင့် ရုရှားသံရုံးတို့မှ ခင်းကျင်းပြသထားသည့် မြန်မာ–ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရုရှားအနုပညာရှင်များကိုလည်းကောင်း၊ ရုရှားသံအမတ်ကြီးက မြန်မာအနုပညာရှင်များကိုလည်းကောင်း အမှတ်တရပန်းခြင်းများ လက်ဆောင်ပေးအပ်ပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များက ရုရှားသံအမတ်ကြီးနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် ဝန်ကြီးဌာနကိုးခုနှင့် ရုရှားသံရုံးတို့မှ ခင်းကျင်းပြသထားသည့် မြန်မာ–ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး တက်ရောက်လာသူများကို အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သထုံမြို့၌ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ ပြသ

**သထုံ ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်မြောက် အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို ပြည်သူများလေ့လာကြည့်ရှုပြီး ဗဟုသုတတိုးပွားစေရန်အတွက် ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ မြေစိုက်နံရံကပ်ပြဘုတ်၌ ခင်းကျင်းပြသထားကြောင်း သိရသည်။

ထိုသို့ပြသရာတွင် ယနေ့ကျရောက်သည့် မြန်မာ–ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်၊ အာကာသလွှတ်တင်ရေးစခန်း၊ လေယာဉ်ထုတ်လုပ်ရေးစက်ရုံများ လေ့လာကြည့်ရှုခဲ့သည့် မှတ်တမ်းပုံများ ပြသဆောင်ရွက်ထားရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်သည့် စာပေဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆရာအတတ်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ကျင်းပသော အားကစားပြိုင်ပွဲများမှတစ်ဆင့် မိမိတို့၏အရည်အချင်းများကိုဖော်ထုတ်ပြီး တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဂုဏ်သိက္ခာနှင့်အညီ စည်းလုံးညီညွတ်စွာ စည်းကမ်းရှိရှိ ပျော်ပျော်ရွှင်ရွှင် ချစ်ကြည်ရင်းနှီးစွာ ယှဉ်ပြိုင်ကစားရင်း အောင်မြင်မှုရရှိသူများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားကာ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲအထိမ်းအမှတ်အလံကို လွှင့်တင်၍ပြိုင်ပွဲဝင်အားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့က အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကျောင်းသားကျောင်းသူလေးများက Fitness Dance၊ တောင်ငူပညာရေးဒီဂရီကောလိပ်က ကဗျာလွတ်အက၊ မုံရွာပညာရေးဒီဂရီကောလိပ်က မြန်မာ့သိုင်း၊ ရန်ကင်းနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်တို့က ဝူရှူးအားကစားနှင့် သဃ်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်က တိုက်ကွမ်ဒိုအားကစားတို့ဖြင့် တင်ဆက်ပြသကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲကို စတင်ကျင်းပရာ တောင်ကြီးပညာရေးဒီဂရီကောလိပ်က ပြည်ပညာရေးဒီဂရီကောလိပ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၁၂)ရပ်အနက်မှ လူမှုရေးဦးတည်ချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝအထောက်အကူဖြစ်စေရန်၊ အားကစားပွဲတော်မှထွက်ပေါ်လာမည့် ထူးချွန်အားကစားများမှသည် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို အောက်မြန်မာပြည် ဇုန်လေးခုနှင့် အထက်မြန်မာပြည် ဇုန်လေးခုသတ်မှတ်၍ လူရွေးပွဲများကို သက်ဆိုင်ရာဇုန်အလိုက် မြို့များတွင်ကျင်းပခဲ့ပြီး ဗဟိုအဆင့်ဘောလုံးပြိုင်ပွဲတွင် အားကစားသမား ကျောင်းသား၊ အုပ်ချုပ်၊ နည်းပြ စုစုပေါင်း ၂၀၀ ပါဝင်ကြမည်ဖြစ်သည်။

ပညာရေးဒီဂရီကောလိပ်များမှ အားကစားသမား ကျောင်းသားကျောင်းသူများသည် ရန်ကုန်ဇုန်(အောက်မြန်မာပြည်ဇုန်)မှ ၄၇၁ ဦးနှင့် မန္တလေးဇုန်(အထက်မြန်မာပြည်ဇုန်)မှ ၄၁၃ ဦး စုစုပေါင်း ၈၈၄ ဦးတို့သည် အားကစားနည်း သုံးမျိုးဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗဟိုအဆင့်တွင် ဇုန်အဆင့်မှ အနိုင်ရရှိလာသော ဘောလုံး လေးသင်း၊ ဘော်လီဘော(အမျိုးသား) လေးသင်း၊ ဘော်လီဘော(အမျိုးသမီး) လေးသင်း၊ ပိုက်ကျော်ခြင်း လေးသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြေးခုန်ပစ်ကစားနည်းကို ပညာရေးဒီဂရီကောလိပ်ကျောင်းမှ ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး




**မန္တလေး ဖေဖော်ဝါရီ ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

**ဆွေးနွေးပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်နေသော မန္တလေးမြို့ရှိ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်မှ အနုပညာရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်သော စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်း၍ တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံရေးအခြေအနေနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မန္တလေးမြို့ သန့်ရှင်းသာယာလှပမှု၊ စည်းကမ်းကျနမှုနှင့်အတူ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှု၊ ဆက်လက်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာတွင် စီးပွားရေးအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့နေရမှုနှင့် စီးပွားရေးမှအစပြု၍ ပြိုလဲမသွားစေရန် ကျားကန်ရင်ဆိုင်နေရမှု၊ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးအရ ပြိုလဲမှုမဖြစ်စေရန်အပြင် ဖွံ့ဖြိုးတိုးတက်စေရန် ရုန်းကန်ဆောင်ရွက်နေမှု၊ ကုန်သွယ်မှုလိုငွေမဖြစ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်နေမှု၊ သွင်းကုန်များ ချင့်ချိန်ဆောင်ရွက်နေမှုနှင့် ပို့ကုန်တိုးတက်စေရန် ဆောင်ရွက်နေမှု၊ ပြည်တွင်းအားကို အလေးထားပြီး စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်အစိုးရအနေဖြင့် **“ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ”**ဆောင်ပုဒ်နှင့်အညီ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်ပြီး လုပ်ငန်းများ အောင်မြင်စေရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့်လည်း တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ အားလုံးကိုယ်စား ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက်တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြစ်ပေါ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားမှုနှင့်အတူ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများသည် ရင်းရင်းနှီးနှီးဖြင့် အတူတကွ လက်ဖက်ရည် သုံးဆောင်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြင်ဦးလွင်မြို့ ထုံးဘိုကျေးရွာရှိ မြေဧရိယာ ၂ ဒသမ ၁၉ ဧကပေါ်တွင် ဥာဏ်တော်အမြင့် ၃၆ ပေဖြင့် တည်ဆောက်လျက်ရှိသော သီတဂူဆံချည်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကာ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ထီးတော်တင်လှူပူဇော်မည့် အခြေအနေများနှင့်စပ်လျဉ်းပြီး လျှောက်ထား၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# သတိပြုဖွယ် သတင်းမှားအန္တရာယ်

ဇင်ငြိမ်း

သတင်းနဲ့ နည်းပညာခေတ်ကြီးမှာ အွန်လိုင်းမီဒီယာနဲ့ လူမှုကွန်ရက်တွေဆိုတာက ရှောင်လွှဲလို့ မရတော့ပါဘူး။ အင်တာနက်နဲ့ လူမှုကွန်ရက်တွေဟာ လူတိုင်းရဲ့ နေ့စဉ်ဘဝတွေမှာ ကြီးကြီးမားမား ပါဝင်နေကြပါတယ်။ လူတိုင်းရဲ့လိုအပ်ချက်တွေကို အင်တာနက်နဲ့ လူမှုကွန်ရက်တွေက မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အထောက်အကူပြုပေးနေတာမို့ ပိုပြီးလည်း အသုံးများလာပါတယ်။ တချို့သူတွေအတွက်ဆို အင်တာနက်ဟာ မရှိမဖြစ်လိုအပ်ချက်တစ်ခုကို ဖြစ်နေပါပြီ။ အင်တာနက်တွေ အရင်ကထက်မြန်ဆန်လာတာ၊ နည်းပညာပစ္စည်းတွေ အချိန်နဲ့အမျှ တိုးတက်လာတာတွေကြောင့်လည်း လူတွေဟာ နည်းပညာတွေအပေါ် ပိုပြီးအားကိုးနေရပါတယ်။

တိုးတက်လာတဲ့ ခေတ်ကြီးမှာ လူတွေရဲ့လိုအပ်ချက်တွေ မြင့်မားလာတာကို နည်းပညာနဲ့ ဆက်သွယ်ရေးစနစ်တွေက ဖြည့်ဆည်းပေးနိုင်တာကြောင့် အခုဆိုရင် လူတိုင်းရဲ့ နေ့စဉ်ဘဝတွေဟာ နည်းပညာအပေါ်မှာ ပိုမိုမှီခိုနေကြရပြီး လွတ်ကင်းလို့ မရနိုင်တော့တာ လက်တွေ့ပါပဲ။ တချို့ဆိုရင် နေ့စဉ်သုံးနေတဲ့ နည်းပညာပစ္စည်းနဲ့ အင်တာနက်မရှိတာနဲ့ အလုပ်တွေကို လွယ်လွယ်ကူကူလုပ်ဖို့ မလွယ်တော့တဲ့အထိ လူနဲ့ နည်းပညာတွေက ခွဲခြားဖို့ခက်နေပါပြီ။ နည်းပညာတွေကို အသုံးချတာ များလာတာနဲ့အမျှ လူတွေရဲ့လူနေမှုဘဝပုံစံတွေပါ လိုက်ပါပြောင်းလဲနေကြပါတယ်။ အနီးစပ်ဆုံး ကြည့်ကြည့်ပါ။ မိုဘိုင်းဖုန်း၊ ကွန်ပျူတာ၊ တီဗွီကစလို့ ကိုယ့်ရဲ့တစ်နေ့တာ သုံးစွဲနေတဲ့ နည်းပညာပစ္စည်းတွေနဲ့ ကိုယ်နဲ့ဆက်စပ်မှု၊ အသုံးပြုမှုတွေကို ကြည့်ရင် သိနိုင်ပါတယ်။ တချို့ နည်းပညာမြင့် ပစ္စည်းတွေဆို လိုက်လို့တောင် မမီတော့ပါဘူး။

## အကျိုးသက်ရောက်မှု

ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်မြင့်မားလာတာဟာ လူတွေရဲ့ဘဝကဏ္ဍအားလုံးကို ပြောင်းလဲစေပါတယ်။ ပညာသင်ကြားရာမှာဆိုရင်လည်း အင်တာနက်အခြေပြုသင်ကြားတဲ့ စနစ်တွေကြောင့် သင်ကြားရတာ လွယ်ကူလာပြီး သင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေလည်း ပိုပြီး ရလာပါတယ်။ အင်တာနက်နဲ့ ဆက်သွယ်ရေးစနစ်တွေ မြင့်မားလာတဲ့အတွက် ကမ္ဘာပေါ်မှာ နယ်မြေကန့်သတ်ချက်ဆိုတာ အရင်ကလို အခက်အခဲတစ်ခု မဟုတ်တော့ပါဘူး။ လူသားတွေဟာ လိုအပ်ချက်တွေနောက်ကိုလိုက်ရင်း တီထွင်မှုတွေ တစ်ခုပြီးတစ်ခု ကြုံဆလာကြပါတယ်။ တီထွင်မှုတွေကြောင့် တိုးတက်လာတဲ့ နည်းပညာတွေဟာ အခုဆိုရင် လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုနဲ့ အပြုအမူတွေအပေါ် သက်ရောက်နေပါပြီ။ လူသားတွေ ဖန်တီးတဲ့နည်းပညာတွေဟာ လူတွေရဲ့လိုအပ်ချက်နဲ့ ပြဿနာတွေကို ဖြေရှင်းပေးတဲ့အပြင် မတူညီတဲ့ စီးပွားရေးပုံစံတွေ၊ ဘဝနေထိုင်မှုပုံစံသစ်တွေ ပြောင်းလဲလာတာကြောင့် ထပ်မံတီထွင်ဖန်တီးတာတွေ ကြုံဆလာကြပြန်ပါတယ်။

အဲဒီလို လိုအပ်ချက်နဲ့ တီထွင်မှုတွေကြောင့် လူတွေရဲ့ကဏ္ဍတိုင်းနီးပါးဟာ ပိုပြီးလွယ်ကူလာတယ်၊ ထိရောက်လာတယ်၊ မြန်ဆန်လာပါတယ်။ အဲဒီရဲ့ ရလဒ်က လူသားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ ဖြေရှင်းရာမှာ အထောက်အကူရရှိစေတာပဲ ဖြစ်ပါတယ်။ နည်းပညာတွေကြောင့် လူတွေမှာ ကောင်းကျိုးတွေ တသီတတန်းကြီး ရနေပေမယ့် တစ်ဖက်မှာလည်း ဘေးထွက်ဆိုးကျိုးတွေ ရှိနေပါတယ်။ တချို့ဆိုရင် နည်းပညာတွေရဲ့သားကောင်တွေ ဖြစ်နေကြပါတယ်။ နည်းပညာတိုးတက်မှုကြောင့်ဖြစ်တဲ့ ဘေးထွက်ဆိုးကျိုးတွေကတော့ အမျိုးမျိုးပါပဲ။ တချို့ကလည်း နည်းပညာ တိုးတက်မှုတွေနဲ့ တိုက်ရိုက်သက်ဆိုင်သလို တချို့ကလည်း သုံးစွဲသူတွေရဲ့ လွဲမှားတဲ့ အသုံးပြုတာတွေကြောင့်ဆိုတာ တွေ့ရပါတယ်။

## ပြောင်းလဲမှုနှင့် ဘေးထွက်ဆိုးကျိုး

အထက်မှာ ဆိုခဲ့သလို နည်းပညာတွေ တိုးတက်လာတာဟာ လူသားတွေအတွက် မကြုံစဖူး အကျိုးကျေးဇူးတွေ ရနေကြပါတယ်။ အနီးစပ်ဆုံးပြောရရင် မိုဘိုင်းဖုန်းတစ်လုံးကို လိပ်ပတ်လည်အောင်သုံးတတ်ရင်ပဲ ဘယ်လောက်အကျိုးရှိတယ်ဆိုတာ တွေ့ရမှာပါ။ ဒါပေမဲ့ ကောင်းကျိုးပြုတာတွေက အနုတ်လက္ခဏာတွေထက်များတာမှန်ပေမယ့် အနုတ်လက္ခဏာတွေရဲ့ အကျိုးသက်ရောက်မှုတွေကြောင့် စိုးရိမ်စရာတွေ တိုးမြင့်လာနေပါတယ်။ အဲဒီအနုတ်လက္ခဏာဖြစ်စေတဲ့ သက်ရောက်မှုတွေထဲမှာဆိုရင် သဘာဝရင်းမြစ် ကုန်ဆုံးမှု၊ လူဦးရေမြင့်တက်လာမှုနဲ့ ကျန်းမာရေး ပြဿနာ၊ များပြားလာတဲ့ ညစ်ညမ်းမှုတွေ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုဆိုတာတွေ ပါဝင်ပါတယ်။




ဒီလိုပဲ နည်းပညာတိုးတက်လာလို့ ပြောင်းလဲသွားမှုတွေထဲမှာဆိုရင် လူမှုဘဝပုံစံတွေ၊ ကျန်းမာရေး၊ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ လူငယ်တွေရဲ့စိတ်သဘောထား၊ လူသားတွေရဲ့ အမူအကျင့်စရိုက်တွေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးစတဲ့ နယ်ပယ်တိုင်းလိုလိုမှာ နည်းပညာအခြေပြုတဲ့ပုံစံတွေအဖြစ် ပြောင်းလဲလာကြပါတယ်။

အဲဒါတွေထဲကမှ လူအများစုရဲ့ နေ့စဉ်ဘဝနဲ့ ထိတွေ့ပြီး အသုံးတည့်နေတာက လူမှုကွန်ရက်တွေပဲ ဖြစ်ပါတယ်။ လူမှုကွန်ရက်လို့ဆိုရင် ဖေ့စ်ဘွတ်၊ တွစ်တာ၊ အင်စတာဂရမ်စတဲ့ လူမှုကွန်ရက်တွေ အများကြီးပါ။ လူမှုကွန်ရက်တွေကလည်း အင်တာနက်၊ ဆက်သွယ်ရေးနည်းပညာနဲ့ ဉာဏ်ရည်တုတွေ တိုးတက်လာတဲ့အတွက် အသုံးပြုရတာ၊ ထိရောက်တာ၊ မြန်ဆန်တာတွေက တစ်နေ့တခြားပိုကောင်းလာပါတယ်။ လူတစ်ဦးချင်းစီရဲ့အကြိုက်တွေနဲ့ လူ့သဘောသဘာဝတွေကို အခြေခံပြီး အဆင့်မြှင့်လာတဲ့ သူ့ရဲ့အားသာချက်တွေကြောင့်လည်း လူထုအတွင်းကို မြန်မြန်ဆန်ဆန် ထိုးဖောက်လာပါတယ်။

အဲဒီလိုတိုးတက်လာတာတွေက အဘက်ဘက်က အကျိုးရှိတယ်ဆိုပေမယ့် တိုးတက်တာတွေကို တခြားရည်ရွယ်ချက်တွေအတွက် အသုံးချနေကြတာတွေလည်း ပိုများလာပါတယ်။ လူအများသုံးနေကြတဲ့ လူမှုကွန်ရက်တွေဟာ အရင်ကတော့ လူမှုဆက်ဆံရေး၊ ဆက်သွယ်ရေးအတွက်လို့ဆိုပေမယ့် လက်တွေ့မှာတော့ နိုင်ငံရေးအစ စီးပွားရေးအဆုံး အကုန်လုံးအတွက် အသုံးပြုနေကြပါတယ်။ ဒီတော့ လူမှုကွန်ရက်တွေဟာ လူထုအတွင်း ထိုးဖောက်အားလည်းကောင်းတယ်၊ နယ်ပယ်အကုန်လုံးအတွက်လည်း သုံးနိုင်တဲ့အတွက် တချို့သူတွေဟာ လူမှုကွန်ရက်ကို မသမာတဲ့နည်းနဲ့ အသုံးချလာနေကြပါတယ်။ လူမှုကွန်ရက်တွေရဲ့အားသာချက်ကို အလွဲအသုံးချလာတဲ့ အကျိုးဆက်က သတင်းညစ်ညမ်းမှုတွေ များလာပြီး လူထုကိုအဆိပ်အတောက် ဖြစ်စေလျက်ရှိပါတယ်။

## သတင်းမှားများ

လူမှုကွန်ရက်တွေဟာလည်း နည်းပညာတိုးတက်သလိုပါပဲ။ ဆိုးကျိုးထက် ကောင်းကျိုးတွေက ပိုများပါတယ်။ တစ်ဦးချင်းစီရဲ့ အသုံးပြုတဲ့နည်းလမ်းအပေါ်မူတည်ပြီး အကောင်း၊ အဆိုး သက်ရောက်မှုပမာဏတော့ ကွာပါတယ်။ လူမှုကွန်ရက်ကို ထိထိရောက်ရောက် အကျိုးရှိရှိသုံးတဲ့အတွက် အကျိုးရှိနေတဲ့သူတွေ အမြောက်အမြားရှိနေပေမယ့် လူမှုကွန်ရက်ကို အလွန်အကျွံသုံးတဲ့အတွက် စိတ်ပိုင်းရုပ်ပိုင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အလုပ်အကိုင်တွေကို ထိခိုက်နေတဲ့သူတွေလည်း ရှိနေပါတယ်။ ဒါက တစ်ဦးတစ်ယောက်ချင်းကို ထိခိုက်စေတာပါ။

> အဆင့်မြင့်လာတဲ့ဉာဏ်ရည်တု နည်းပညာကြောင့် သတင်းအမှားနဲ့ လုပ်ကြံသတင်း ပုံစံသစ်တွေဖြစ်ပေါ်နေပါတယ်။ ဒါ့အပြင် သတင်းတုမီဒီယာလို့ခေါ်တဲ့ သတင်းရဲ့မူလအဓိပ္ပာယ်တွေကို ပြောင်းလဲဖို့၊ ဒါမှမဟုတ် လွဲမှားစေဖို့အတွက် အလိုအလျောက်နည်းလမ်းတွေ၊ အထူးသဖြင့် ဉာဏ်ရည်တုတွေနဲ့ အချက်အလက်အတုထုတ်လုပ်တာ၊ ထိန်းချုပ်တာနဲ့ ပြုပြင်မွမ်းမံတာတွေကို ပြုလုပ်နေကြပါတယ်။ တချို့သတင်းအတုတွေက ပြဿနာမကြီးမားပေမယ့် လုပ်ကြံသတင်းတွေနဲ့ ဝါဒဖြန့်သတင်းတွေကတော့ သတင်းစားသုံးသူတွေကို ထိခိုက်စေ၊ အန္တရာယ်ဖြစ်စေပါတယ်။ အခုဆိုရင် လုပ်ကြံသတင်းတွေရဲ့ အန္တရာယ်ဟာ နိုင်ငံတကာမှာ စိုးရိမ်ဖွယ်ကိစ္စတစ်ခုဖြစ်

အများကို ထိခိုက်စေတဲ့ ဘေးထွက်ဆိုးကျိုးကတော့ လူမှုကွန်ရက်တွေပေါ်မှာ သတင်းမှားတွေနဲ့ လုပ်ကြံသတင်းတွေ ကျယ်ပြန့်လာတာ ဖြစ်ပါတယ်။ သတင်းအမှားတွေ ဆိုတာကတော့ ရရှိတဲ့အချက်အလက်တွေ မမှန်ကန်တဲ့အတွက် မှားယွင်းတာ၊ ဒါမှမဟုတ် မတိကျတဲ့သတင်းတွေ ဖြစ်ပါတယ်။ ကောလာဟလ သတင်း၊ မဟုတ်တမ်းတရားတွေနဲ့ နောက်ပြောင်မှုတွေဟာ သတင်းမှားတွေ ဖြစ်ပါတယ်။ လုပ်ကြံသတင်းဆိုတာကတော့ မှားယွင်းတဲ့သတင်းအချက်အလက်တွေကို ရည်ရွယ်ချက်ရှိရှိဖန်တီးပြီး တမင်တကာ လွဲမှားစေအောင်ရည်ရွယ်တဲ့ သတင်းအမှားတွေပဲ ဖြစ်ပါတယ်။

လုပ်ကြံသတင်းတွေက ဦးတည်ချက်တစ်ခုအတွက် လှည့်ဖြားတာ၊ ဖြားယောင်းတာနဲ့ ဝါဒဖြန့်လိုတဲ့ ရည်ရွယ်ချက်ဖြစ်လို့ အန္တရာယ်ရှိတဲ့အကြောင်းအရာတွေ ပါဝင်ပါတယ်။ လုပ်ကြံသတင်းတွေကြောင့် လူထုကြားမှာ ကြောက်ရွံ့မှုတွေနဲ့ သံသယတွေ ပျံ့နှံ့စေပါတယ်။ သတင်းအတု၊ ဝါဒဖြန့်တာနဲ့ လုပ်ကြံသတင်းဆိုတဲ့ အသုံးအနှုန်းတွေက တစ်ခုနဲ့တစ်ခု လက်ယှက်ထိုး ဆက်နွှယ်နေကြပါတယ်။ သတင်းမှားတွေနဲ့ လုပ်ကြံသတင်းမှာလည်း တခြားအမျိုးအစားတွေ များစွာ ရှိပါသေးတယ်။

## ကြီးမားကျယ်ပြန့်လာမှု

မသမာသူတွေ၊ မသမာတဲ့အဖွဲ့အစည်းတွေဟာ တခြားသူတွေကို အန္တရာယ်ဖြစ်စေဖို့၊ ဒါမှမဟုတ် ကိုယ်ကျိုးအတွက်၊ နိုင်ငံရေးအတွက်နဲ့ ငွေကြေးအကျိုးအမြတ်တစ်ခုခုအတွက် လူထုကို လိမ်လည်လှည့်ဖြားဖို့ သတင်းအမှား၊ ဒါမှမဟုတ် လုပ်ကြံသတင်းတွေကို ရည်ရွယ်ချက်ရှိရှိ ဖန်တီးဖြန့်ဝေနေကြတဲ့အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုအပါအဝင် တခြားဆိုးကျိုးတွေ ကြီးကြီးမားမား သက်ရောက်နေပါတယ်။ ဒါကြောင့်လည်း သတင်းအမှားနဲ့လုပ်ကြံသတင်းတွေ ပျံ့နှံ့နေတာကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါလို့ ခေါ်ကြတာပါ။

လူမှုကွန်ရက်တွေနဲ့ အွန်လိုင်းမီဒီယာတွေမှာ အချိန်နဲ့အမျှ သတင်းတွေပျံ့နှံ့တဲ့နှုန်းနဲ့ ပမာဏဟာ အစွမ်းထက်တဲ့လက်နက်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း လူမှုကွန်ရက်တွေနဲ့ အွန်လိုင်းမီဒီယာတွေကို နည်းလမ်းပေါင်းစုံနဲ့ အသုံးချနေကြပါတယ်။ ဒီကနေ့ဖြစ်နေတဲ့ သတင်းတု၊ သတင်းမှားဖြန့်ဝေတာဟာ ရှေးယခင်ကတည်းက ရှိခဲ့တယ်ဆိုပေမယ့် ဒစ်ဂျစ်တယ်နည်းပညာနဲ့ လူမှုမီဒီယာခေတ်မှာတော့ သတင်းအမှားတွေနဲ့ လုပ်ကြံသတင်းတွေဟာ အရင်ကနဲ့မတူဘဲ အရှိန်အဟုန်နဲ့ ပျံ့နှံ့နေပါတယ်။

နောက်ပြီး အဆင့်မြင့်လာတဲ့ဉာဏ်ရည်တု နည်းပညာကြောင့် သတင်းအမှားနဲ့ လုပ်ကြံသတင်း ပုံစံသစ်တွေ ဖြစ်ပေါ်နေပါတယ်။ ဒါ့အပြင် သတင်းတုမီဒီယာလို့ခေါ်တဲ့ သတင်းရဲ့မူလအဓိပ္ပာယ်တွေကို ပြောင်းလဲဖို့၊ ဒါမှမဟုတ် လွဲမှားစေဖို့အတွက် အလိုအလျောက်နည်းလမ်းတွေ၊ အထူးသဖြင့် ဉာဏ်ရည်တုတွေနဲ့ အချက်အလက်အတု ထုတ်လုပ်တာ၊ ထိန်းချုပ်တာနဲ့ ပြုပြင်မွမ်းမံတာတွေကို ပြုလုပ်နေကြပါတယ်။ တချို့ သတင်းအတုတွေက ပြဿနာမကြီးမားပေမယ့် လုပ်ကြံသတင်းတွေနဲ့ ဝါဒဖြန့် သတင်းတွေကတော့ သတင်းစားသုံးသူတွေကို ထိခိုက်စေ၊ အန္တရာယ်ဖြစ်စေပါတယ်။ အခုဆိုရင် လုပ်ကြံသတင်းတွေရဲ့အန္တရာယ်ဟာ နိုင်ငံတကာမှာ စိုးရိမ်ဖွယ်ကိစ္စတစ်ခု ဖြစ်နေပါတယ်။

စာမျက်နှာ ၇ သို့ ❖

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်ညီလာခံသို့တက်ရောက်

## Asia World ဆိပ်ကမ်းတွင် ရောက်ရှိနေသည့် လျှပ်စစ်သုံးယာဉ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စက်မှုဓမ္မာရုံ၌ ကျင်းပသည့် စက်မှုဝန်ထမ်းဟောင်းများအသင်း၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်ညီလာခံသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စက်မှုဝန်ထမ်းဟောင်းများအသင်းဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းနှင့် လူမှုရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် စက်မှုဝန်ကြီးဌာနတို့မှ စက်မှုဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေများပေးအပ်၍ စက်မှုဝန်ထမ်းဟောင်းအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. က တင်သွင်းပြီး Asia World ဆိပ်ကမ်း၌ ရောက်ရှိနေသည့် BYD အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် ၂၅ စီးကို အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ-၂၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လျှပ်စစ်သုံးယာဉ်များအတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ၊ သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာပါ အချက်အလက်များ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး တင်သွင်းရောက်ရှိလာသည့် ယာဉ်များအတွက် ရောင်းချပြီး အာမခံမှု၊ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုနှင့် အပိုပစ္စည်းရရှိမှုတို့ကို ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးနိုင်ရေးနှင့် မူရင်းထုတ်လုပ်သည့် ကုမ္ပဏီနှင့် ချိတ်ဆက်၍ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ နည်းပညာများ ပြည်တွင်း၌ ရရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။

ယခုရောက်ရှိလာသည့် BYD အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် ၂၅ စီးသည် ရန်ကုန်မြို့ရှိ Asia World ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရောက်ရှိပြီး ၁၆ ရက်တွင် Import Declaration ဖွင့်လှစ်၍ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**တင်သွင်း**

အဆိုပါ လျှပ်စစ်သုံးယာဉ် ၂၅ စီးသည် BYD Atto 3 အမျိုးအစား ၁၅ စီးနှင့် BYD Dolphin အမျိုးအစား ၁၀ စီးဖြစ်ပြီး လူစီးယာဉ်အဖြစ် အသုံးပြုနိုင်ရေး ရည်ရွယ်၍ Essential Motor Co., Ltd. က တင်သွင်းလာခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင်း City Taxi အဖြစ် ပြေးဆွဲမည့် BYD အမျိုးအစား လျှပ်စစ်သုံးယာဉ်များကိုလည်း မူရင်းကုမ္ပဏီတွင် မှာယူထားပြီး မတ်လအတွင်း၌ ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။ လျှပ်စစ်သုံးယာဉ်များ အားသွင်းနိုင်ရန်အတွက် Essential Motor Co., Ltd. သည် ရန်ကုန်ဘူတာကြီးအနီးတွင် Level 3 အဆင့် Charger ငါးစုံ၊ Dual Gun အသုံးပြုနိုင်သည့် Charging Station တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ်၌ မိုးလုံလေလုံအားကစားရုံတည်ဆောက်နေမှု တာဝန်ရှိသူများကြည့်ရှုစစ်ဆေး

**တန့်ယန်း ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မိုးလုံလေလုံအားကစားရုံကြီးကို တည်ဆောက်လျက်ရှိရာ မြို့နယ်မှတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိုးလုံလေလုံအားကစားရုံကြီး တည်ဆောက်ပြီးစီးနေမှုကို မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် စိစစ်ရေးကော်မတီမှ ဌာနဆိုင်ရာများက ကြည့်ရှုစစ်ဆေးရာ မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနမှူး ဦးလှမျိုးမြင့်နှင့် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြသည်။

ယခုတည်ဆောက်နေသော မိုးလုံလေလုံအားကစားရုံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အလျားပေ ၁၂၀၊ အနံပေ ၉၀ ရှိ အာရ်စီအမျိုးအစား အဆောက်အအုံဖြစ်ပြီး "မြန်မာအမျိုးသား" ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်နေရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❖ စာမျက်နှာ ၆ မှ

တစ်နေ့တခြား သတင်းအမှားတွေ လူမှုကွန်ရက်တွေပေါ်မှာ ပျံ့နှံ့နေတာဟာ လူမှုကွန်ရက်အသုံးပြုတဲ့သူတွေရဲ့ စဉ်းစားဆင်ခြင်မှုအားနည်းတာ၊ ဒါမှမဟုတ် အစွန်းရောက်ယုံကြည်တာတွေကြောင့် သတင်းအမှားတွေပျံ့နှံ့တာလို့ သာမန်အားဖြင့် ယူဆကြပါတယ်။ သတင်းအမှားတွေ ပျံ့နှံ့ဖို့အတွက် လူမှုကွန်ရက်အသုံးပြုသူတွေရဲ့ အားနည်းချက်တွေရှိသလို တစ်ဖက်မှာလည်း အသုံးပြုသူတွေကို ဆွဲဆောင်နေတာတွေနဲ့ မက်လုံးပေးလှုံ့ဆော်နေတာတွေရှိပါတယ်။ အထက်မှာဆိုခဲ့သလို အဆင့်မြင့်လာတဲ့ အသိဉာဏ်တုတွေဟာ လူမှုကွန်ရက်အသုံးပြုသူတွေရဲ့ အကြိုက်ကိုလိုက်ပြီး ဆွဲဆောင်ပေးနေပါတယ်။ ဒါ့အပြင် ဆိုရှယ်မီဒီယာပေါ်မှာ ဆုချီးမြှင့်မှု အခြေခံတဲ့ စနစ်တွေကြောင့် သုံးစွဲသူတွေဟာ တခြားသူတွေ အသိအမှတ်ပြုထားကြတဲ့ သတင်းအချက်အလက်တွေကို မျှဝေတဲ့အလေ့အထတွေ ဖြစ်လာစေတယ်လို့ သုတေသနလေ့လာချက်တွေက ဆိုပါတယ်။

လူမှုကွန်ရက်တွေရဲ့ ဆွဲဆောင်မှု၊ လှုံ့ဆော်မှုနဲ့ မက်လုံးပေးမှုတွေကြောင့် လူမှုကွန်ရက်အသုံးပြုသူတွေရဲ့ အလေ့အထတွေပြောင်းလဲလာပြီး သတင်းအမှားတွေကို ဖြန့်ဝေစေပါတယ်။ ဒါ့အပြင် စိတ်ဝင်စားစရာကောင်းတာက လူထုထဲ သတင်းအမှားတွေ ထိုးဖောက်ဖို့ ဘယ်သူတွေက သတင်းအမှားတွေ ဖြန့်ဝေနေကြသလဲ၊ ဘာအကျိုးစီးပွားအတွက်လဲ ဆိုတာကလည်း သတင်းအမှားဖြန့်ဝေမှု တိုက်ဖျက်ရေးမှာ အရေးကြီးတဲ့ စဉ်းစားစရာပဲ ဖြစ်ပါတယ်။ လူမှုကွန်ရက်ကြီးတွေနဲ့ ဒစ်ဂျစ်တယ်မီဒီယာကြီးတွေကို ဘယ်သူတွေက ပိုင်ဆိုင်ပြီး ဘယ်သူတွေက ထိန်းချုပ်ထားသလဲဆိုတာကိုကြည့်ရင် ယေဘုယျ ခန့်မှန်းလို့ ရနိုင်ပါတယ်။ သတင်းအမှားဖြန့်ဝေမှုတွေ များပြားလာတာဟာ ယနေ့ကမ္ဘာမှာဖြစ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး ယှဉ်ပြိုင်မှုတွေနဲ့လည်း ဆက်စပ်နေကြပါတယ်။ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေနဲ့ ကိုယ်ကျိုးစီးပွားတွေအတွက် လူမှုကွန်ရက်နဲ့ အွန်လိုင်းမီဒီယာတွေကို အသုံးချနေပါလိမ့်ဦးမယ်။

### ကြီးမားသောထိခိုက်မှု

သတင်းအမှားတွေနဲ့ လုပ်ကြံသတင်းတွေဟာ မမြင်နိုင်တဲ့ လက်သီးပုန်းနည်းလမ်းတစ်ခု ဖြစ်ပါတယ်။ အစဉ်အဆက် အသုံးပြုခဲ့ကြတဲ့ ဝါဒဖြန့်တဲ့ နည်းလမ်းတွေထဲက တစ်ခုဆိုရင်လည်း မမှားပါဘူး။ ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ အသုံးပြုတဲ့နည်းလမ်း ပုံစံတွေသာ ကွဲပြားသွားတာပါ။ တချို့သတင်းမှားနဲ့ လုပ်ကြံသတင်းတွေဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ပစ်မှတ်ကို ဦးတည်တတ်ပေမယ့် တချို့သတင်းမှားတွေကတော့ မရည်ရွယ်ဘဲ ပျံ့နှံ့သွားပြီး လူထုကို ဘေးအန္တရာယ်ဖြစ်စေတာတွေလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သတင်းအမှားတွေနဲ့ လုပ်ကြံသတင်းတွေဟာ လူမှုကွန်ရက်အသုံးပြုသူတွေကို အဆိပ်သင့်စေပြီး လူထုအတွင်း မတည်ငြိမ်မှု၊ မယုံကြည်မှုနဲ့ ပဋိပက္ခတွေကို ဖြစ်ပေါ်စေပါတယ်။ သတင်းအမှားတွေဟာ လူတွေရဲ့ ယုံကြည်ချက်၊ သဘောထားနဲ့ ခံယူချက်တွေကို ပြောင်းလဲစေပြီး နောက်ဆုံးမှာ လူတွေရဲ့အပြုအမူတွေကိုပါ ပြောင်းလဲသွားစေပါတယ်။ လူမှုကွန်ရက်အသုံးပြုသူတစ်ဦးဟာ သတင်းတုတစ်ခုကို ယုံကြည်လိုက်ရင် အဲဒီသတင်းကနေ သူ့ရဲ့ ယုံကြည်ချက်နဲ့ ဆုံးဖြတ်ချက်တွေကို အပြောင်းအလဲဖြစ်စေပါတယ်။ အဲဒီလို တစ်ဦးချင်းကနေ လူ့အဖွဲ့အစည်းအထိ ကျယ်ပြန့်လာတဲ့အခါ ဖြစ်လာနိုင်တဲ့အကျိုးဆက်တွေကလည်း ကြီးမားလှပါတယ်။

လူ့အဖွဲ့အစည်းအတွင်းမှာ သတင်းညစ်ညမ်းမှုတွေများလာရင် လူတစ်ဦးချင်းစီရဲ့ စဉ်းစားဆင်ခြင်မှုနဲ့ ဆုံးဖြတ်နိုင်စွမ်းကို ထိခိုက်စေပါတယ်။ အထူးသဖြင့်ကတော့ လူမှုကွန်ရက်တွေပေါ်မှာ အမုန်းစကားနဲ့ ရန်လိုမှုတွေ ကြီးထွားလာစေပါတယ်။ အဲဒီက တစ်ဆင့် လူမှုရေးအုပ်စုကွဲလာကြပြီး တစ်ဖက်နဲ့တစ်ဖက် မယုံကြည်မှုတွေ တိုးပွားစေပါတယ်။ သတင်းညစ်ညမ်းမှုတွေများလာရင် လူ့အဖွဲ့အစည်းရဲ့ အရေးကြီးတဲ့ လုပ်ငန်းစဉ်တွေကို ပိုမိုထိခိုက်လာနိုင်တာကြောင့် ရေရှည်မှာ လူ့အဖွဲ့အစည်းအတွက် အန္တရာယ်တွေ ဖိတ်ခေါ်လာမှာ ဖြစ်ပါတယ်။

ဒီကနေ့ခေတ်မှာ လူအများစုဟာ ဆိုရှယ်မီဒီယာသတင်းတွေအပေါ် အားကိုးနေကြတာကြောင့် လူ့အဖွဲ့အစည်းအပေါ် သတင်းညစ်ညမ်းမှုရဲ့ သက်ရောက်မှုတွေအကြောင်း သိထားသင့်ပါတယ်။ ဒါမှ ဆောင်နိုင်၊ ရှောင်နိုင်ပါလိမ့်မယ်။ အလေးထားသင့်တာက မျိုးဆက်သစ်လူငယ်အများစုဟာ သူတို့လိုအပ်တဲ့ အသိပညာရှာဖွေမှု၊ သတင်းအချက်အလက်ရှာဖွေမှုနဲ့ အပန်းဖြေမှုအတွက် ဆိုရှယ်မီဒီယာတွေနဲ့ အင်တာနက်ကို အချိန်အတော်များများ အသုံးပြုနေကြတာမို့ သတင်းမှား၊ လုပ်ကြံသတင်းနဲ့ ဝါဒဖြန့်တာတွေရဲ့ ထိခိုက်နိုင်ခြေ ပိုများနေပါတယ်။

### သတိနှင့်ဆင်ခြင်

လူမှုကွန်ရက်၊ သတင်းနဲ့ဆက်သွယ်ရေးနည်းပညာတွေဟာ လူသားတွေကို ကြီးကြီးမားမား အကျိုးပြုတာ အားလုံးအသိပါပဲ။ နောင်လည်း မရှိမဖြစ် ဆက်လက်လိုအပ်နေဦးမှာပါ။ ကိုယ်အသုံးချနိုင်ရင် အသုံးချနိုင်သလောက် အကျိုးဖြစ်စေပါလိမ့်မယ်။ ဒါပေမဲ့ တစ်ဖက်မှာလည်း ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ သတင်းညစ်ညမ်းမှုတွေဟာ ကမ္ဘာ့ကပ်ရောဂါတစ်ခုသဖွယ် တဖြည်းဖြည်းကူးစက်လာနေပါတယ်။ ဒီတော့ လူမှုကွန်ရက်တွေနဲ့ ဒစ်ဂျစ်တယ်မီဒီယာတွေကို အန္တရာယ်မရှိအောင် အသုံးပြုနိုင်ဖို့လိုပါတယ်။ အန္တရာယ်ကင်းကင်းအသုံးပြုနိုင်ဖို့ဆိုရင် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်မှာ လူမှုကွန်ရက်တွေနဲ့ မီဒီယာတွေ ဘယ်လိုအလုပ်လုပ်နေကြသလဲဆိုတာ သိထားဖို့ပါပဲ။

သူတို့ရဲ့ အလုပ်လုပ်ပုံကို သိထားရင် သတင်းမှားတွေကို ရှောင်နိုင်ပါတယ်။ နောက်တစ်ခုကတော့ ကာယကံရှင်ဖြစ်တဲ့ သုံးစွဲသူကိုယ်တိုင် သတိနဲ့ဆင်ခြင်အသုံးပြုဖို့ ဖြစ်ပါတယ်။ နည်းပညာတွေမြင့်လာတဲ့အတွက် လူသားတွေဟာ အဲဒီနည်းပညာတွေကို ပိုပြီးအားကိုးလာရတာ မှန်ပေမယ့် အမှား/အမှန် ချင့်ချိန်စဉ်းစားနိုင်စွမ်းနဲ့ လိုက်လျောညီထွေဆုံးဖြတ်နိုင်စွမ်းတွေကိုတော့ လူသားတွေက ပိုင်ဆိုင်ထားတာဖြစ်လို့ ကိုယ့်ရဲ့ဆင်ခြင်တုံတရားနဲ့ ကာကွယ်ကြရမှာ ဖြစ်ပါတယ်။ ။

**ကိုးကား**

၁။ The Importance of Technology in Our Daily Life – How Has Technology Changed Our Lives? https://www.scientificworldinfo.com/2019/11/importance-of-technology-in-our-daily-life.html

၂။ Rise of disinformation a symptom of 'global diseases' undermining public trust: Bachelet, https://news.un.org/en/story/2022/06/1121572

၃။ USC study reveals the key reason why fake news spreads on social media, JANUARY 17, 2023 https://news.usc.edu/204782/usc-study-reveals-the-key-reason-why-fake-news-spreads-on-social-media/

၄။ https://www.weforum.org/agenda/2022/09/tackling-disinformation-agenda-dialogues/

## နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများအား အသိ၊ အတတ်နှင့် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြား

မုံရွာ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင်လည်း ကျောင်းသား ကျောင်းသူများအား အသိ၊ အတတ်နှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်စေမည့် သင်တန်းများ ဖွင့်လှစ်သင်ကြားသွားကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ယမန်နေ့မွန်းလွဲပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီးပညာရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပွဲ အခမ်းအနား၌ ပြောကြားသည်။

### ကြိုတင်စီမံဆောင်ရွက်

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေစွာလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း၊ သင်ကြားရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်သည့်အခါ တပည့်များအပေါ် ဖြူစင်ပြည့်ဝသော မေတ္တာထားကာ နာသုံးနာ ဖြစ်သည့် စေတနာ၊ ဝါသနာ၊ အနစ်နာကို လက်ကိုင်ထားပြီး သင်ကြားပေးကြရန်လိုအပ်ကြောင်း၊ စာမေးပွဲခန်းများတွင် တာဝန်ယူဆောင်ရွက်သွားမည့် ဆရာ ဆရာမများကလည်း မိမိတို့အားပေးအပ်မည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိကျောင်းများအားလုံးဖွင့်လှစ်ကာ ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအားလုံးတက်ရောက်ပညာသင်ကြားနိုင်ရေးကို ကြိုတင်စီမံဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက လိုအပ်သည်များကို တင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စစ်တွေ ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏(၁/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ရခိုင်ပြည်နယ်ရှိ ခရီးစဉ်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများအပြင် ပြည်နယ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုပြုထားကြသည့် ဟိုတယ်၊ တည်းခိုရိပ်သာများ၊ ခရီးသွားလုပ်ငန်းရှင်များနှင့် ဧည့်လမ်းညွှန်များကို ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လုပ်ငန်းလိုင်စင်များ စိစစ်ထုတ်ပေးသည့် လုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်မဟာသင်္ကြန်ကာလအတွက် ခရီးသွားများက လမ်းကြောင်းအခြေအနေမေးမြန်းခြင်း၊ ဟိုတယ်အခန်းများ Booking လုပ်ရန်စုံစမ်းခြင်းများ ပြုလုပ်နေကြပြီဟု ကြားသိရပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်က အလေးထားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာန၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားလာမှုညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က သက်ဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ရခိုင်ပြည်နယ်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဟိုတယ်၊ တည်းခိုရိပ်သာများ၏ လုပ်ငန်းလိုင်စင်များ စိစစ်ထုတ်ပေးခြင်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများနှင့် တွေ့ဆုံ

မော်လမြိုင် ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ဥပဒေအရာရှိနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းတင်ပြ

အဆိုပါအခမ်းအနားတွင် မွန်ပြည်နယ် ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က ဥပဒေအရာရှိများက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့် တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေအကြံဉာဏ်ပေးတဲ့အခါမှာလည်း မှန်ကန်စွာအကြံပေးရန်နှင့် မမှန်မကန် အကြံပေးခြင်းမျိုး မဖြစ်အောင် သိရှိ၍ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီး ဥပဒေပညာကို နှံ့စပ်စွာ ဥပဒေစိတ်ထားမွေးမြူကာ ဥပဒေပညာများကို ထိန်းသိမ်းရန်လိုကြောင်း၊ စေတနာထားမျှဝေရန်လိုကြောင်း၊ အဂတိလိုက်စားမှုကို ရှောင်ကြဉ်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။



ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ မွန်းလွဲပိုင်းတွင် ကျင်းပရာ(ဝဲပုံ) မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိများက ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၏ ရှင်းလင်းမှာကြားချက်များကို လည်းကောင်း ထပ်ဆင့်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

## စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရေး ဝိုင်းဝန်းဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မိုးကောင်းမြို့နယ် နန့်လှိုင်ကျေးရွာ ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကျေးရွာနေလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က နန့်လှိုင်ကျေးရွာနေပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ မိမိတို့ရပ်/ရွာ တိုးတက်မြင့်မားစေလိုမှုများကြောင့် ခေတ်မီစံပြကျေးရွာ စီမံကိန်းရွာအဖြစ် ရွေးချယ်ပြီး ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ မိမိတို့ ရပ်/ရွာအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရေး ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်းချိတ်ဆက်၍ ယခုကဲ့သို့ စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် ရတနာလှိုင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်အတွက် စိုက်ပျိုးစရိတ်ထောက်ပံ့ငွေကျပ် သိန်း ၃၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ခင်းကျင်းပြသထားရှိမှုများနှင့် အစားအသောက်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ အဆိုပါ ကျေးရွာအတွင်းရှိ စိုပြေဆန်စက်သို့ သွားရောက်ပြီး ဆန်စက်လည်ပတ်နေမှု အခြေအနေများ၊ ဆန်ကုန်ကြမ်းရရှိမှု၊ ဈေးကွက်ဖြန့်ဖြူးတင်ပို့နိုင်မှု အခြေအနေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရင်းနှီးမတည်ငွေ ပံ့ပိုးကူညီပေးနိုင်မှု အခြေအနေများ၊ သမဝါယမအသင်းစုများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❒

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဟိုင်းကြီးကျွန်းမြို့ရှိကျေးရွာများတွင် ပြည်သူ့အကျိုးပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကာ ဒေသခံပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုအခြေအနေများ မေးမြန်းခဲ့ပြီး ဆေးရုံသုံးပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ခရိုင်ကျေးရွာရှိ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲနေမှုအခြေအနေများ တင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်ထုတ်လုပ်မှုစနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် ပြင်ခရိုင် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ကလပ်တိုက်နယ်ဆေးရုံသို့ သွားရောက်ခဲ့ပြီး ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ဆေးရုံဝန်ထမ်းများအား ဆေးရုံသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထို့နောက် ဒီးဒူးကုန်းကျေးရွာအုပ်စု ဇီးသောင်ကျေးရွာတွင် ဒေသရှိသဘာဝထုံးကျောက်သက်နုမှ ကျောက်မီးဖိုထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အောင်မြင်အောင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ဆက်လက်ပြီး ပြည်သာယာ အခြေခံပညာမူလတန်းကျောင်းရှိ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များတင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျောက်ကလပ်ဦးစေတီနှင့် ကျောက်ကလပ်တောင်သို့ သွားရောက်ခဲ့ပြီး ကျောက်တောင်များတွင် ပင်လယ်လှိုင်းနှင့်ဒီရေတိုက်စား၍ ကျောက်ကလပ်ပုံ သဏ္ဌာန်ဖြစ်ပေါ်မှုနေများ၊ ကမ်းခြေရှုခင်းသာယာမှုများနှင့် ရှင်စောပုဘုရား အောက်ဘက်ကမ်းခြေတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကမ်းခြေသန့်ရှင်းသာယာလှပစေရေး၊ အပန်းဖြေလာရောက်ကြသည့် ဧည့်သည်များ စိတ်အပန်းပြေစေရေးနှင့် ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားလာစေရေး ဆောင်ရွက်ရန်မှာကြားခဲ့သည်။

ဆက်လက်၍ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၀)မှ ဆောင်ရွက်လျက်ရှိသည့်လပွတ္တာ (ကျောက်ဖျာလေး)-သုံးခွ- အုတ်တွင်းလမ်းအား ရာသီမရွေးသွားလာနိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ သက္ကယ်သောင်ကျေးရွာအုပ်စု သောင်လေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ လည်းကောင်း၊ အုတ်တွင်းကျေးရွာရှိ ဆားတောင်သူ ဦးပြည့်စုံ၏ တာပေါ်လင်ခံ၍ နေလှန်းဆားထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)၏ သတ္တမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၏ သတ္တမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဦးဇေယျာလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၏ စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ ကျောင်းဆင်းမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မကြာခင်ကာလတွင် စိုက်ပျိုးရေးဒီပလိုမာ လက်မှတ်ရသူများအနေဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခြင်းဖြင့်လည်းကောင်း၊ မိမိ၏ကိုယ်ပိုင်လုပ်ငန်းများတွင် စွန့်ဦးတီထွင်လုပ်ကိုင်ခြင်းဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွှယ်လျက်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးကို အခြေခံ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မိမိတို့လေ့လာသင်ယူခဲ့သော ပညာရပ်များဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိ သုံးနှစ်တာပညာသင်ယူခဲ့ပြီး စိုက်ပျိုးရေးဒီပလိုမာ သင်တန်းကို အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်းခံရသည့် ကျောင်းသား ကျောင်းသူ ၁၂၃ ဦးကို စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) ကျောင်းအုပ်ကြီး ဒေါ်ဝင်းရီက စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်သည်။




ယင်းနောက် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

စိုက်ပျိုးရေးသိပ္ပံများတွင် မွေးမြူရေး ဒီပလိုမာသင်တန်းများကို စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)အပါအဝင် စိုက်ပျိုးရေးသိပ္ပံကျောင်းခြောက်ကျောင်းတွင် တိုးချဲ့သင်ကြားပေးလျက်ရှိပြီး ကျန်ရှိသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများအားလုံးတွင် မွေးမြူရေးဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း စာသင်နှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နိုင်ငံတော်၏ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းကျောင်းများတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးပြီး ထူးချွန်သူများအား အဆင့်မြင့်ပညာများ ဆက်လက် သင်ကြားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရှာငံမြို့နယ်၌ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက်အထိမ်းအမှတ် နံရံကပ်ဓာတ်ပုံများပြသ

**ရှာငံ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိစေရန် နံရံကပ်ပြဘုတ်များကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းမှစ၍ ပြသပေးထားကြောင်း သိရသည်။

နံရံကပ်ပြဘုတ်တွင် (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှုအထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ နှစ်နိုင်ငံအကြီးအကဲများတွေ့ဆုံမှု မှတ်တမ်းဓာတ်ပုံများကို ပြသပေးထားရာ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းယန်းကျေးရွာ၌ လယ်ယာကေများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကျေးသီး ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းယန်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ ကျေးသီးမြို့နယ် ဦးစီးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မိုင်းယန်းကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများနှင့် ယင်းကုန်ထုတ်လမ်းပေါ်ရှိ အလျား ငါးပေ၊ အနံ ၂၂ ပေ၊ အမြင့် ငါးပေရှိ Box Culvert တံတား နှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုင်းယန်းကျေးရွာတွင် အဆိုပါလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရေလယ်ကျွန်းကုမ္ပဏီနှင့် ကျေးသီးဒေသခံကုမ္ပဏီတို့မှ ဇွန်လ ဒုတိယပတ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြု လယ် /ယာကေများမှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂



# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ စတင်ကျင်းပရာ (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်**

ယနေ့နံနက်ပိုင်းပွဲစဉ်များအဖြစ် (က)အဆင့်ပြိုင်ပွဲမှ စစ်တက္ကသိုလ်ကိုယ်စားပြုအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်း၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(လေ)ကိုယ်စားပြုအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုအသင်းတို့ကလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)တပ်ခွဲအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)တပ်ခွဲအသင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)တပ်ခွဲအသင်းတို့ ယှဉ်ပြိုင်ကြသည်။



ညနေပိုင်း ပွဲစဉ်များအဖြစ် (ခ)အဆင့်ပြိုင်ပွဲမှ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုအသင်း၊ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)တပ်ခွဲအသင်း၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ချေးငွေအကြံပေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အချိန်စေ့လွန်ကြွေးကျန်များကောက်ခံရေး၊ ချေးငွေထုတ်ချေးရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က နိုင်ငံတော်၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်စီးပွားရေးစနစ်ဖြစ်သည့်အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများ လိုအပ်ကြောင်း၊ သွင်းအားစုများသည် စိုက်ပျိုးစရိတ်ချေးငွေဖြင့် ဝယ်ယူရသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးနိုင်ရေးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများကလည်း ချေးငွေများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ရန်လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ ချေးငွေအကြံပေး အဖွဲ့ဝင်များအနေဖြင့် အချိန်စေ့လွန်ကြွေးကျန်များကို ပြန်လည်ကောက်ခံရရှိရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်ဘဏ်ခွဲမန်နေဂျာ ဦးဘကျော်တင်က နှစ်စဉ်ချေးငွေထုတ်ချေးမှု၊ JICA ( Two Step Loan)၊ MEB ( Two Step Loan) ထုတ်ချေးနိုင်မှု၊ အချိန်စေ့လွန်ကြွေးကျန်များ ဖြစ်ပေါ်နေမှုအခြေအနေနှင့် ပြန်လည်ကောက်ခံရရှိနိုင်မည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ချေးငွေအကြံပေးအဖွဲ့ဝင်များက အချိန်စေ့လွန်ကြွေးကျန်များကို ပြန်လည်ကောက်ခံရရှိရေး၊ မိမိတို့ဌာနအလိုက် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး အကြံပြုဆွေးနွေးတင်ပြကြသည်။

**ငွေကြယ်**





# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်ဘူတာကြီး၊ သီရိမင်္ဂလာဈေး၊ ဒဂုံ-ရောအဝေးပြေးကားဝင်းနှင့် သခင်မြပန်းခြံတို့၌ Charging Station ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးအတွက် ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co.,Ltd မှ တည်ဆောက်လျက်ရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှိ Charging Station လုပ်ငန်းခွင်သို့လည်းကောင်း၊ လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် Asia Pacific Auto Maker Co., Ltd မှ တည်ဆောက်လျက်ရှိသည့် Charging Station လုပ်ငန်းခွင်သို့လည်းကောင်း၊ လှိုင်သာယာမြို့နယ် ဒဂုံ-ရော အဝေးပြေးယာဉ်ရပ်နားစခန်းတွင် Myanmar Brilliance Auto Co.,Ltd မှ ဆောင်ရွက်လျက်ရှိသည့် Charging Station လုပ်ငန်းခွင်သို့လည်းကောင်း၊ ရန်ကုန်မြို့ သခင်မြပန်းခြံတွင် Chin Dwin Shan Co.,Ltd မှ ဆောင်ရွက်မည့် Charging Station လုပ်ငန်းခွင်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သတ်မှတ်ဒီဇိုင်းပုံစံများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သတ်မှတ်ချိန်ပြီးစီးရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်နှင့် လျှပ်စစ်သုံးယာဉ်များ ဝင်၊ ထွက် ရပ်နားရန်နေရာသတ်မှတ်ချက်များကို ဌာနဆိုင်ရာအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ်တွင် ပြောင်းလဲသွားသော စည်းမျဉ်းအသစ်များအကြောင်း ရှင်းလင်းပြောကြားခြင်းအခမ်းအနား ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

Rules of Golf – 2023 ကို မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ဘာသာပြန်ဆိုခဲ့သည့် စာအုပ်မိတ်ဆက်ပွဲ၊ World Handicap System နှင့် ၂၀၂၃ ခုနှစ်တွင် ပြောင်းလဲသွားသော ဂေါက်သီးစည်းမျဉ်းအသစ်များအကြောင်း ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး World Handicap ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇာနည်ဝင်းက World Handicap System အကြောင်းရှင်းလင်းမိတ်ဆက်သည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် Rules of Golf – 2023 မြန်မာဘာသာပြန်အဖွဲ့ဝင် ဒေါက်တာဇော်မြင့်နိုင်က ပြောင်းလဲသွားသော စည်းမျဉ်းအသစ်များအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဂေါက်ကလပ်များမှ တာဝန်ရှိသူများအား မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ Rules of Golf – 2023 မြန်မာဘာသာပြန်စာအုပ်များအား ဖြန့်ဝေခဲ့သည်။

အဆိုပါ Rules of Golf–2023 စာအုပ်အား စိန့်အင်ဒရူး(R&A)နှင့် USGA တို့၏ မူရင်းစာအုပ်အတိုင်း စာမျက်နှာအတိအကျဖြင့်ရရှိအောင် ပြုလုပ်ထားပြီး တစ်နိုင်ငံလုံးမှ ဂေါက်သီးအားကစားသမားများ Rules of Golf – 2023 စာအုပ်ကို အခကြေးငွေပေးရန်မလိုဘဲ လုံလုံလောက်လောက် ရရှိနိုင်စေရန်အတွက် ဥက္ကဋ္ဌ ဦးကိုကိုအေးက စာအုပ်ရေတစ်သောင်းအား စိုက်ထုတ်ကျခံလှူဒါန်းပေးကာ တစ်နိုင်ငံလုံးကိုဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MGF**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၂၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈)ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၁၃,၀၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၈၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၃၅၈) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



# လပွတ္တာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ပဉ္စမအကြိမ် ထုတ်ချေး

**လပွတ္တာ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပဉ္စမအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အောင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက အောင်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၂၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၁၀၅ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သောငွေအရင်းအနှီးများရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ဒသမ ၂၅ သန်းအား အသင်းသူ သင်တန်းသားများ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ (Corruption Prevention Unit-CPU)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပိုမိုထိရောက်**

အခမ်းအနားတွင် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က ဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု ဖြစ်ပွားနိုင်ခြေအန္တရာယ်များကို လေ့လာပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေးအတွက် CPU ကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှုဖြစ်ပွားမှ အရေးယူခြင်းထက် ကြိုတင်တားဆီးကာကွယ်ခြင်းသည် ပိုမိုထိရောက်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့ အစည်းများတွင် CPU များ ဖွဲ့စည်းကာ အဂတိလိုက်စားမှုလျော့ကျစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် Public Feedback Programme-PFP) ကို အသုံးပြုပြီး အသေးစားအဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူကြားတွင် ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုရရှိနိုင်စေရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် အလွန်အရေးကြီးကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အစီအစဉ်သည် ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူများပါဝင်သော ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက် အောင်မြင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းလမ်းညွှန် ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# ကလောမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ကလော ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီခွဲက



ကလောမြို့မရဲစခန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ကြောင်း သိရသည်။

**အသိပညာပေးပြောကြား**

ရှေးဦးစွာ ကလောမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေဇင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာ ဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှုတို့ကို လက်တွေ့ပြသခဲ့ပြီး ကလောမြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းများတွင် လျှပ်စစ် မီး/မီးဖိုများသုံးစွဲမှုအခြေအနေများနှင့်ပတ်သက်၍ ရှောင်ရန်/ဆောင်ရန်အချက်များ အသိပညာပေးပြောကြားကာ မီးသတ်ဆေးဘူးများ ကောင်းမွန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း တရုတ်နိုင်ငံသားခရီးသည် တစ်သန်း လာရောက်ရန်မျှော်မှန်း

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၈**

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း တရုတ်နိုင်ငံသားခရီးသည်တစ်သန်း လာရောက်ရန်မျှော်မှန်းထားကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်လာရောက်သည့်တရုတ်နိုင်ငံသားခရီးသည် ၁၀၆၈၇၅ ဦးရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်နိုင်ငံသားခရီးသည် ရှစ်သိန်းမှ တစ်သန်းအထိ အပါအဝင် နိုင်ငံတကာခရီးသည်သုံးသန်းမှလေးသန်း ရှိလာမည်ဟု ခန့်မှန်းထားကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်သည့် တရုတ်နိုင်ငံသားခရီးသည်များ၏ ၃၀ ရာခိုင်နှုန်းနီးပါးသည် ဆီယမ်ရိပြည်နယ်ရှိ လူသိများထင်ရှားသော အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သို့ အလည်အပတ်လာရောက်ခဲ့သည်။ ယမန်နှစ်အတွင်း အဆိုပါဥယျာဉ်သို့ တရုတ်နိုင်ငံသားခရီးသည် ၁၈၇၆၃ ဦးသာ လာရောက်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် တရုတ်နိုင်ငံသားခရီးသည်များ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

တရုတ်အစိုးရက ၎င်း၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမဟာဗျူဟာကို ကောင်းမွန်စွာ ပြင်ဆင်ပြီးနောက် ဖေဖော်ဝါရီ ၆ ရက်တွင် ပြည်သူများအား အဖွဲ့လိုက်ခရီးများ ပြန်လည်စတင်ရန် ခွင့်ပြုခဲ့သည်။ တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်လေကြောင်းလိုင်းကိုလည်း မတ်လအစောပိုင်းတွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



# နယူးဇီလန်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဂါဘရီယယ်လီ ဝင်ရောက်တိုက်ခတ်မှုကြောင့် ကိုးဦး သေဆုံး

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၈**

နယူးဇီလန်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဂါဘရီယယ်လီ ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် သေဆုံးသူ ကိုးဦးရှိလာခဲ့ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ယင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကိုးဦးသေဆုံးခဲ့ကြောင်းနှင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာမည်ကို အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက စိုးရိမ်လျက်ရှိကြောင်း နယူးဇီလန်နိုင်ငံ အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီမှ အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ ခေတ္တညွှန်ကြားရေးမှူး ရော်ဂျာဘောလ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါသေဆုံးခဲ့သူများထဲတွင် အရှေ့ပိုင်းခရိုင်မှ ကိုးဦးနှင့် အောက်ကလန်မှ နှစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့ဒုတိယအကြီးအကဲ ဂလန်းဒွန်ဘီယာက အတည်ပြုပြောကြားခဲ့သည်။ ထို့ပြင် အိမ်ထောင်စု ၆၂၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်းလည်း သိရသည်။

မုန်တိုင်းသင့်ဒေသများမှ ရဲတပ်ဖွဲ့များအား အထောက်အပံ့ပေးရန်အတွက် နိုင်ငံတစ်ဝန်းရှိ ရဲတပ်ဖွဲ့ဝင်အများအပြားကိုလည်း စေလွှတ်ထားကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်လူဦးရေကို မှတ်တမ်းပြုစုထားရန် တိုက်တွန်းခဲ့ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း ဂါဘရီယယ်လီသည် ဖေဖော်ဝါရီ ၆ ရက်တွင် နယူးဇီလန်နိုင်ငံသို့ စတင်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး နယူးဇီလန်အစိုးရက ဖေဖော်ဝါရီ ၇ ရက်တွင် နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀ ရာခိုင်နှုန်း အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်အမျိုးအစား ကူးစက်ခံထားရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၈၀ ရာခိုင်နှုန်းသည် ကူးစက်မြန် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား (XBB.1.5) ကူးစက်ခံထားရကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

ကူးစက်မြန် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား(XBB.1.5)သည် အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့် ဒီဇင်ဘာလမှစပြီး စတင်ကူးစက်ပျံ့နှံ့လျက်ရှိသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ပျမ်းမျှကူးစက်သူ အရေအတွက်သည် ၃၅၀၀၀ ဝန်းကျင်ရှိပြီး နေ့စဉ်ပျမ်းမျှ ဆေးရုံတက်ရောက်ကုသသူအရေအတွက် ၃၆၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ နေ့စဉ်သေဆုံးသူ ပျမ်းမျှအရေအတွက် ၄၀၀ ခန့်ရှိပြီး ဇန်နဝါရီလလယ်ပိုင်းမှစပြီး တဖြည်းဖြည်း လျော့ကျလာကြောင်း သိရသည်။

သမ္မတ ဂျိုးဘိုင်ဒင်က နိုင်ငံအတွင်းချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါအရေးပေါ်ကြေညာချက်ကို မေ ၁၁ ရက်တွင် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လက ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၁၃၀ ထပ်မံသေဆုံး

**တိုကျို ဖေဖော်ဝါရီ ၁၈**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၃၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၁၅၇၉ ဦးရှိကြောင်း သိရသည်။

**ထပ်မံတွေ့ရှိ**

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၇၁၂၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၃၀၇၆၆၉၃ ဦးရှိကြောင်း သိရသည်။



ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၁၄၆ ဦးသည် မြို့တော်တိုကျိုမှဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါ ရောဂါကြောင့် ထပ်မံသေဆုံးသူများအနက် ၁၀ ဦးသည် မြို့တော်တိုကျိုမှဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဆိုမာလီယာ၌ ပဋိပက္ခများဖြစ်ပွားစဉ်အတွင်း အီသီယိုးပီးယားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သည့် ဆိုမာလီလူဦးရေ ၆၀၀၀၀ ကျော်ရှိ



**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁၈**

ဆိုမာလီယာနိုင်ငံမြောက်ပိုင်း လက်စ်အနော့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မျိုးနွယ်စုခေါင်းဆောင်များအကြား ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် အီသီယိုးပီးယားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သည့် အမျိုးသမီးနှင့် ကလေးငယ်အများစုပါဝင်သည့် ဆိုမာလီလူဦးရေ ၆၀၀၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီလအစောပိုင်းတွင် လက်စ်အနော့မြို့နှင့် အနီးဝန်းကျင်ဒေသများမှ ထွက်ပြေးတိမ်းရှောင်သူ ၁၈၅၀၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

လက်စ်အနော့မြို့၌ ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းနှင့် နယ်မြေမလုံခြုံခြင်းကြောင့် တိမ်းရှောင်ခဲ့ရသည့် ဆိုမာလီလူဦးရေ ၆၀၀၀၀ အနက် ထက်ဝက်ကျော်သည် ယခုသီတင်းပတ်အစောပိုင်းကတည်းက အီသီယိုးပီးယားနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

ယင်းသို့ ပဋိပက္ခများဖြစ်ပွားခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုများကို ထိခိုက်စေသည့်အပြင် ပြည်တွင်းရွှေ့ပြောင်းသူများ နေထိုင်ရာနေရာများတွင်လည်း စိန်ခေါ်မှုများတိုးလာခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111 " အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး အတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူး ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူဆုတောင်းပြည့်ဘုရားကြီးကျောင်းဓမ္မာရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၉၉၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၅ ဦး၊ ခွဲစိတ်ရောဂါ ၇၆ ဦး၊ ကလေးရောဂါ ၃၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၂၂၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၈ ဦး၊ မျက်စိရောဂါ ၂၂၄ ဦး၊ သွားရောဂါ ၂၂ ဦးနှင့် အထွေထွေရောဂါ ၆၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိကုသမှုလူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၈၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် အလှူရှင်များက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အာမခံထားရှိမှုလုပ်ငန်းသိကောင်းစရာ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ကကြီးမှူး၍ သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အာမခံအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် uab Insurance မှ Section Head General Bancassurance ဦးညွန့်အိမ်ကောင်းက uab Insurance အကြောင်း သိကောင်းစရာများကို မိတ်ဆက်ပြောကြားသည်။

ထို့နောက် Head of Bancassurance Account Management ဦးရဲဝင့်ထူးက အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးအာမခံ၊ ကျန်းမာရေးအာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟုတ်စွမ်ကကျေးဇူးတင်စကား ပြောကြားသည်။ မြန်မာနိုင်ငံတွင်လူဦးရေ၏ သုံးရာခိုင်နှုန်းသာ အသက်အာမခံထားရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ သန့်ဇင်ဝင်း(ခ)ဆိုးခါးသည် ၎င်းအသုံးပြုသည့် "Soe Kharr(ဆိုးခါး) Face-book အကောင့်နှင့် "Thant Zin Win" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နေ ထွန်းထွန်းနိုင်သည် ၎င်းအသုံးပြုသည့် "Oo Oo Pro(Tun Lay)"Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်အပ်နှင်းထားသည့် သီရိပျံ့ချီဘွဲ့တံဆိပ်တော်များနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိမင်္ဂလာမဟာသာသနာ့ ဗိမာန်တော်အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သီရိပျံ့ချီဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသော ဖွဲ့ကပင်ဆရာတော်ကြီး ဘဒ္ဒန္တ ကဝိဓဇနှင့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသဟာရကျောင်း နာယကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ တို့အား သီရိပျံ့ချီဘွဲ့တံဆိပ်တော်များနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ တိလောကာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်အပ်နှင်းထားသည့် သီရိပျံ့ချီဘွဲ့တံဆိပ်တော်များ၊ အဆောင်အယောင်ပစ္စည်းများနှင့်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ပစ္စည်းများကို ဘွဲ့ခံဆရာတော်များ ဖြစ်တော်မူကြသော ဖွဲ့ကပင်ဆရာတော်ကြီးနှင့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဓမ္မသဟာရကျောင်း နာယကဆရာတော်တို့ထံသို့ တိုင်းမှူးက ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်နှင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွှေရတု တိပိဋကဓရ မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာ ဘိဝံသတို့ထံမှ သြဝါဒါစကားများ နာယူကြသည်။

၎င်းနောက် အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ မြစေတီဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ရေစက်ချ အနုမောဒနာတရားများ နာယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကော့သောင်း မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟစာပြန်စာမေးပွဲ အလှူငွေပေးအပ်ပွဲနှင့် ဖွင့်ပွဲကျင်းပ

**ကော့သောင်း ဖေဖော်ဝါရီ ၁၈**

(၂၁) ကြိမ်မြောက် ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ စာပြန်စာမေးပွဲ အလှူငွေပေးအပ်ပွဲနှင့် ဖွင့်ပွဲကို ကော့သောင်းမြို့ ပြည်တော်အေးသာသနာ့ဗိမာန်တွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အစီအစဉ်အရ စာပြန်စာမေးပွဲအား ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားပြီး စာပြန်စာမေးပွဲ ဖြစ်မြောက်ရေးအတွက် လှူဒါန်းပေးကြသော ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများမှ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါကော့သောင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ စာပြန်စာမေးပွဲအတွက် အလှူရှင်များက လှူဒါန်းငွေစုစုပေါင်းကျပ် ၅၉၀၀၀၀၀ ဖြစ်ပြီး စာပြန်စာမေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၃ | ၂၀၆၆ |
| 95 Ron | ၂၀၆၃ | ၂၁၃၈ |
| HSD (500 ppm) | ၂၀၅၄ | ၂၁၂၅ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ကပ်ကျော်၊ လာဘ်ပေါ် သမ္ဗုဒ္ဓေဂါထာတော်




နှစ်ဆယ့်ခွန်စာပေမှ စီစဉ်ပူဇော်ထားသည့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို အံ့ဖွယ်ပေးစွမ်းနိုင်သော ကပ်ကျော်၊ လာဘ်ပေါ် သမ္ဗုဒ္ဓေဂါထာတော် တန်ခိုးသိဒ္ဓိအဖုံဖုံနှင့် ကျင့်ကြံအားထုတ်ပုံအမျိုးမျိုး (ပါဠိ အသံထွက် အနက်အဓိပ္ပာယ်) စာအုပ်ဖြန့်ချိထားသည်။

နတ်ပင့်၊ ဩကာသကန်တော့ချီး၊ ဘုရားရှိခိုးခန်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပုံနှင့် ဆုတောင်းသမ္ဗုဒ္ဓေဂါထာတော်ကြီး ကျင့်ကြံအားထုတ်ပုံအမျိုးမျိုးနှင့် ဗဟုသုတအဖြာဖြာ၊ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပွားနည်း မေတ္တာပို့ အမျှဝေ၊ နတ်ပို့ဂါထာ၊ တောင်တန်းသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဘေးရန်ကင်းကွာ စီးပွားဖြာသည့် ဂုဏ်တော်ကွန်ချာ၊ နတ်ချစ်ဂါထာ၊ အင်္ဂုလိမာလ်ဂါထာ၊ သဗ္ဗဇယမင်္ဂလာဂါထာ၊ စမ္ဗခဏ်ဂါထာ၊ သိရသ္မိဂါထာ၊ စက်ကြီးတစ်ဆယ့်သုံးပါးဂါထာနှင့် သမ္ဗုဒ္ဓေဂါထာ တော်ကြီးကို ရွတ်ဖတ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို စုစည်းတင်ပြထားသည်။

**စာအုပ်ကို နှစ်ဆယ့်ခွန်စာပေ အမှတ် (၂၃၃)၊ သီရိမြိုင် ၉ လမ်း၊ ၁၃ ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။**

## ဒေသနာနှင့် ဝါသနာ အတွဲ(၁)




မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကုန်းအုပ်စု တောင်ဦး ကျေးရွာ တောင်ဦးတောင်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တသုစိတ္တ (သာသန ဓဇ ဓမ္မာစရိယ)၏ ဒေသနာနှင့် ဝါသနာ (အတွဲ-၁)စာအုပ် ထုတ်ဝေဖြန့်ချိလာသည်။

ဤစာအုပ်တွင်ပါရှိသည့် အကြောင်းအရာများမှာ ဆရာတော်ကြီး နှစ်ပေါင်းများစွာ ဖတ်၊ မှတ်ထားသော "ဝါသနာ"ကို အခြေခံထားသည့် "ဒေသနာ" များဖြစ်သလို ဒေသနာကို အခြေခံထားသည့် "ဝါသနာ"မှတ်စု များကို အရှင်ဃောသိက(ဘိုကလေး) သာသနဓဇဓမ္မာစရိယ၊ M.A (Srilanka)က စာပေဖတ်ရှုသူများ အကျိုးများစွာဖြစ်ထွန်းစေရန် စုစည်း ပြုစုထုတ်ဝေခဲ့သည်။

ဒေသနာဆိုင်ရာ မှတ်သားစရာများ၊ ကဗျာ၊ လင်္ကာဆိုင်ရာ မှတ်သားစရာများနှင့် အထွေထွေဆိုင်ရာ မှတ်သားစရာများဟူ၍ ဒါန၊ သီလ၊ ဘာဝနာဆိုင်ရာ တရားဒေသနာတော်များအပြင် ဘဝနေထိုင်နည်းများ စသည့် မှတ်သားထိုက်၊ မှတ်သားသင့်သည်များကို စာဖတ်သူများ လိုက်နာကျင့်သုံးနိုင်စေရေး ရေးသား ပြုစုထားသည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃) ၃၉ လမ်း(ထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၃၇၇၄၇၃၃ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

## အင်တာနက်မှ ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်များ




ဦးအောင်စိုး (B.A) ရေးသားပြုစုသည့် အင်တာနက်မှ ဆေးဖက်ဝင် ဟင်းသီး ဟင်းရွက်များ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အိမ်ရှင်မများ နေ့စဉ် အသုံးပြုနေသည့် မီးဖိုချောင်မှ ဆေးဖက် ဝင်အာဟာရဖြစ်စေသည့် ဟင်းသီး ဟင်းရွက်များအကြောင်းကို စုံလင်စွာပါရှိ မည်ဖြစ်သည်။ ကော်ဖီတစ်ခွက်ဖြင့် လေဖြတ်ခြင်းကို ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်၊ ဆီးချို သွေးချိုရှိလျှင် ကော်ဖီကို ဆင်ခြင်၊ ခရမ်းချဉ်သီးကြောင့် သွေးလည်ပတ်မှု ကောင်းစေ၊ စပျစ်သီးစားလျှင် သွေးပေါင်ကျ၊ နနွင်းနှင့်ကျန်းမာရေး၊ တမာရွက်က အူမကြီးကင်ဆာကို တိုက်ဖျက်နိုင်၊ ပဲပိစပ်စားခြင်းဖြင့် ရင်သားကင်ဆာဝေဒနာရှင် များကို အထောက်အကူဖြစ်စေသည့် နေ့စဉ်စားသုံးနေသည့် အစာအာဟာရများ ၏ အကျိုးပြုပုံကို ရေးသားထားသည်။

**အဆိုပါစာအုပ်ကို မိုးကျော်စာပေ အမှတ်-၃၇၇၊ လမ်း ၃၀ (အပေါ်ဘလောက်ထိပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၀၀၂၂၃၀၊ ၀၉-၅၀၈၉၈၈၃ တို့မှ ငွေကျပ် ၃၀၀၀ ဖြင့်ထုတ်ဝေထားသည်။**

## ရုပ်ပွားဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံး ရုပ်ထွင်းဆေးသွင်းပန်းချီ စသည့် မြန်မာ့ရိုးရာပဋိမာ သိပ္ပံပညာဆိုင်ရာ လက်နေလက်ထား ဟန်ပန်အမူအရာခေါ် မုဒြာများစာအုပ်ဖြန့်ချိ




စဝ်ထွန်းမှတ်ဝင်းရေးသားပြုစုထားသည့် ရုပ်ပွားဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံး ရုပ်ထွင်း ဆေးသွင်းပန်းချီ စသည့် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာဆိုင်ရာ လက်နေလက်ထား ဟန်ပန်အမူအရာ ခေါ် မုဒြာများစာအုပ်ကို ဒုတိယအကြိမ်ထုတ်ဝေဖြန့်ချိလာသည်။

မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာမုဒြာများ Burmese Buddhist Iconography အကဲဖြတ် သုတေသနစာတမ်းကို စာရေးသူက ၁၉၇၀ ပြည့်နှစ်နှောင်းပိုင်းမှစပြီး တိမ်မြုပ်ပျောက်ကွယ်လုမတတ် ရှိနေပြီဖြစ်သည့် အဖိုးမဖြတ်နိုင်သောမြန်မာ့ရိုးရာအနုပညာတစ်ရပ်ကို ပြည်သူများ သိရှိနားလည်ပြီး ဝိုင်းဝန်းစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ မှတ်တမ်းတင်ရေးသားပြုစုခဲ့သည်။

စာအုပ်တွင် ပြည်တွင်း၊ ပြည်ပဒေသန္တရကွင်းဆင်းလေ့လာခဲ့မှု၊ မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာသမိုင်း၊ ရုပ်ပွားဆင်းတုတော်များ ဆိုင်ရာ ဝေါဟာရများ၊ မုဒြာဟူသောဝေါဟာရ၊ မုဒြာလေးဆယ့်ငါးပါး၊ တန္တရာယာနဆိုင်ရာ မုဒြာ ၁၀၈ မျိုး၊ မုဒြာမူကွဲ ပုံစံကွဲများ စသည့် ရုပ်ပွား ဆင်းတုတော်၊ ရုပ်လုံးရုပ်ကြွများ၏ အကြောင်းအရာများ မည်သည့်ခေတ်ကာလက သွန်းလုပ်ပူဇော်ခဲ့မှုများကို စုံလင်စွာဖတ်ရှုခြင်းဖြင့် များစွာအကျိုးရှိစေမည်ဖြစ်သည်။

**အဆိုပါ စာအုပ်ကို မိုးကျော်စာပေ အမှတ်-၃၇၇၊ လမ်း ၃၀(အပေါ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်နှင့် အမှတ်(၂၉၅/၂၉၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၅၀၈၉၈၈၃၊ ၀၉၄၂၃၇၁၈၆၀၀ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

## ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်း




အမျိုးသားစာပေဆုရ စာရေးသူ မောင်မြင့်ထွန်း စီစဉ်ရေးသားသည့် ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်း ကလေးကဗျာများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ငယ်ရွယ်နုနယ်ကြသော ကလေးများသည် ဤကမ္ဘာ၊ ဤလူ့ရွာသို့ အပြစ်ကင်းစင်စွာ ဝင်ရောက်လာကြခြင်းဖြစ်ပေသည်။ ကလေးတို့၏ စိတ်သဏ္ဍာန်တွင် မှန်ကန်ခြင်း၊ ရဲရင့်ခြင်းနှင့် သဘာဝတရား၊ အလှတရား၊ အမှန်တရားတို့ကို သဘာဝအတိုင်း လက်ခံယုံကြည်ကျင့်သုံးစေရန်မှာ အရေးကြီးလှပေသည်။ ယနေ့ လူငယ်များသည် နောင်တစ်ခေတ်တွင် လူကြီးများဖြစ်လာကြမည်မှာ မလွဲကေန်ပင်။ ထို့ကြောင့်ပင် ထိုကလေးများ မြင့်မြတ်သော၊ ရဲရင့်သော အာဇာနည်တို့ကို စံထားတတ်ရန် လိုအပ်လှပေသည်။

ယနေ့ခေတ်ကလေးသူငယ်များအဖို့ မြန်မာ့ဂန္ထဝင်ကျော် ပုဂ္ဂိုလ်တစ်ဦးဖြစ်သော လွတ်လပ်ရေးဗိသုကာကြီး တပ်မတော်၏ဖခင်ကြီးနှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးတရားကို သိရှိနားလည်စေရန်၊ ဗိုလ်ချုပ်၏ကောင်းသတင်း ဂုဏ်ပုဒ်အတ္ထုပ္ပတ္တိကို ပြန်လည်ဖော်ထုတ်ရန်၊ ဗိုလ်ချုပ်၏ မိန့်ခွန်း၊ လမ်းညွှန်ချက်မူဝါဒများကို ခေတ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန်နှင့် ဗိုလ်ချုပ်ကို အတုယူ တန်ဖိုးထားသောလူငယ်များထဲမှ အနာဂတ်နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွန်းလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် အဆိုပါစာအုပ်ကို ရေးသားထားခြင်းဖြစ်သည်။

ဤကဗျာလေးများကို ပျော်ရွှင်စွာဖတ်ရှုသီဆိုရင်း မြန်မာ့ကလေးများသည် နောင်တစ်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တိုင်းပြည်၏ အာဇာနည်သူရဲကောင်း၊ လူချွန်လူကောင်းကလေးများဖြစ်ကြစေရန် ရည်ရွယ်၍ ကဗျာပုဒ်ရေ ၆၀ နီးပါးကို ကလေးသူငယ်များ ဖတ်ရှုလေ့လာနိုင်ရန် ရေးသားထားသည်။

**စာအုပ်ကို အောင်သပြေစာပေ၊ အမှတ်(၅၀၃/၁)၊ မြို့ပတ်မာန်အောင်လမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၉၅၃၉၉၈၈၆နှင့် ၀၉-၇၈၅၁၇၅၃၉၀တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## ကိန်းဂဏန်းကြားက မောင်မောင်တီ




သင်္ချာမှော်ရုံတောမှာ သူယောင်မယ် ပုစ္ဆာပွင့်သစ်များနှင့် ပျော်မွေ့နေသော ကိန်းဂဏန်းကြားက မောင်မောင်တီ စာအုပ် ထွက်ရှိလာသည်။

ဘာသာစုံလည်းမဖွင့်၊ ကိုယ်ပိုင်ကျောင်းလည်းမထောင်၊ ဘော်ဒါဆောင်လည်းမထား၊ စာသင်စာကျက်ဝိုင်းလည်းမလုပ်၊ သူယုံကြည်ရာ သင်္ချာတစ်ဘာသာတည်းကိုသာ တစိုက်မတ်မတ် စူးစူးစိုက်စိုက် သင်ကြားလာရာ ၂၀၁၃ ခုနှစ်တွင် သင်္ချာဆရာ ဦးမောင်မောင်တီ၏ စာသင်နှစ် (၅၀) ရွှေရတုအမှတ်တရအဖြစ် ထုတ်ဝေသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်တွင် နိုင်ငံပိုင်သတင်းစာ စာတည်းမှူးချုပ်(ငြိမ်း)များဖြစ်ကြသည့် ဦးရဲမြင့်ဖေ၊ ဦးမြင့်ဆွေနှင့် ဦးလှိုင်ဝင်းတို့၏ အမှတ်တရစာစုများ၊ ဂျာနယ်အယ်ဒီတာချုပ်များဖြစ်ကြသော ဦးဟိန်းလတ်၊ ဦးမြတ်ခိုင်နှင့် ဦးစံထွန်းအောင် (မြန်မာတိုင်း)တို့၏ လက်ရာများ၊ ဗေဒင်လောကမှ ဝင်းဇော် (သစ်တော)၊ ဒေါက်တာ ဒဂုန်ခင်သဇင်တို့၏ မုဒိတာစာစုများအပြင် ဆရာဦးမောင်မောင်တီကို ချစ်ခင်လေးစားအားပေးကြသည့် သူငယ်ချင်း ခိုင်ယဉ်မွန် (ဝိဇ္ဇာ-သိပ္ပံ)၊ ဇူးကျော် (ကလျာမဂ္ဂဇင်း)နှင့် ကလောင်ရှင် ၃၀ကျော် ပါဝင်ရေးသားထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ထို့အပြင် ပေါ်ပြူလာနယူး လူမှုကွန်ရက်မှ ကျူရှင်ဈေးကွက်အကြောင်း ထုတ်လွှင့်ပြသခဲ့သည်မှ ဆရာဦးမြတ်ခိုင်နှင့် ဆရာဦးမောင်မောင်တီ(သင်္ချာ) တွေ့ဆုံမေးမြန်းရာတွင် ဦးမောင်မောင်တီ၏ ငယ်ဘဝရုန်းကန်ကျော်ဖြတ်ခဲ့ရပုံများ ဖော်ပြထားသည်ကို တွေ့ရသည်။ ဘွဲ့ရပြီးမကြာမီကာလမှာပင် ဦးမောင်မောင်တီ သင်္ချာကျူရှင်ကြီး အောင်အောင်မြင်မြင် တည်ထောင်နိုင်ခဲ့သည်။

ယခုအခါ ဦးမောင်မောင်တီသည် အရောင်အသွေးများ စုံလင်သည့် ငွားငွားစွင့်စွင့် ပွင့်လန်းနေသည့် သင်္ချာဂုဏ်ထူးပန်းပေါင်းများစွာကို ပွင့်လန်းစေခဲ့သည့် သင်္ချာဥယျာဉ်မှူးကြီးတစ်ယောက် ဖြစ်နေပြီဖြစ်သည်။

**စာအုပ်ကို ဦးစန်းဦး(စိတ်ကူးချိုချို)မှ ပုံနှိပ်၍ ဂျူတီစာပေမှ ထုတ်ဝေပြီး အမောင်တီစာပေ ဖုန်း-၀၉-၅၁၈၆၆၃၇မှ တန်ဖိုးငွေကျပ် ၅၅၀၀ဖြင့် ဖြန့်ချိသည်။**

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)




(၁)

ဇနီးသည်စကားကြောင့် စားလက်စ ထမင်းလုတ်ပင် ပြုတ်ကျမလိုဖြစ်သွားသည်။ ချဉ်ရည်ဟင်း၊ ကြက်ဥကြော်၊ ငရုတ်သီးထောင်းက ခဏနေက နတ်သုဒ္ဓါလို အရသာရှိပေမယ့် ခုတော့။ စားလက်စ ထမင်းကို လက်စသပ်လိုက်ပြီး ထမင်းဝိုင်းမှ ထလိုက်သည်။

ဇနီးသည်က သူ့ကို စိတ်မကောင်းစွာ ကြည့်နေသည်။ ပြောစရာစကားတွေ အများကြီးကျန်နေတာ သူသိပေမယ့် ထပ်မကြားချင်တော့ပေ။ လက်ကျန် ဖက်ကြမ်းဆေးလိပ်တိုလေးကို မီးညှိရင်း အရသာခံ ရှိုက်ဖွာလိုက်ကာ အတွေးတွေသာ နယ်ချဲ့နေမိသည်။

သားသမီးငါးယောက်။ နှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေမို့ အရွယ်တွေက မတိမ်းမယိမ်း။ အကြီးကောင်က တက္ကသိုလ် နောက်ဆုံးနှစ်။ အလတ်မက ဒုတိယနှစ်။ အငယ်မက ပထမနှစ်တက်တော့မည်။ ကျန်အငယ်နှစ်ကောင်က အထက်တန်းနှင့် အလယ်တန်းကျောင်းသား။ ဒီမိသားစုတာဝန်ကြီးကို သူ့ခွန်အားနဲ့ ရပ်တည်ခဲ့တာ အချိန်အတော်ကြာခဲ့ပြီ။ အလယ်တန်းကျောင်းထွက် သူ့အတွက် ပန်းရန်ပညာလေးတတ်လို့သာ ထမင်းမငတ်ခဲ့ပေ။ ခု သူက အချောကိုင်ဆရာမို့ ထိုက်သင့်တဲ့ လုပ်အားခလေးနဲ့ မိသားစုဝမ်းရေး ငြိမ်းအေးရသည်။

အတန်းပညာထူးချွန်ကြသော သားသမီး ငါးယောက်လုံးအတွက် သူဂုဏ်ယူမိသည်။ ပတ်ဝန်းကျင်ကြား၊ အပေါင်းအသင်းတွေကြားထဲ မျက်နှာပွင့်ရသူမို့ အပြုံးလေးနှင့် ခေါင်းမော့ရင်ကော့ကာ နေမိသည်။ ချစ်ဇနီး မရွှေခင်နှင့် အသက်နှစ်ဆယ် အရွယ်မှာ ဘဝတစ်ခုကို ထူထောင်ခဲ့ကြသည်။

ခု သူ့အသက် လေးဆယ့်ငါးထဲရောက်ပြီ။ သားအကြီးဆုံးတောင် နှစ်ဆယ့်လေးထဲရောက်နေပြီ။

အရွယ်မငယ်ကြတော့သလို သူတို့ ပညာရေးအတွက် လိုအပ်ချက်တွေက ပိုပိုများလာခဲ့သည်။ အိမ်စားသောက်စရိတ်ကို ဖယ်ထားပြီး ကလေးငါးယောက်ရဲ့ ကျောင်းစရိတ်၊ အဝတ်အစား အသုံးအဆောင် မုန့်ဖိုးတွက်ကြည့်လိုက်လျှင် သူ့ဝင်ငွေက အလျဉ်မီရုံပင်။ အိမ်လေးက ဇနီးသည်ဘက်မှ လက်ဖွဲ့ထား၍တော်သေးသည်။ ဒါတောင် အကြီးကောင်နှင့် အလတ်မက ကျောင်းပိတ်ရက် သူတို့ ကျောင်းစရိတ်အတွက် ရရာအလုပ်လေး လုပ်ကြ၍ သူအသက်ရှူချောင်ရသည်။ သိတတ်တဲ့ သားသမီးတွေမို့ စိတ်အေးရသည်။

(၂)

"ကိုထွန်း ရှင် ဘယ်လိုစဉ်းစားထားလဲ"

အတွေးနယ်ချဲ့နေတုန်း ဇနီး ရွှေခင် စကားကြောင့် သူ့အတွေးတွေ ပြတ်သွားရသည်။

"အင်း... " သူ သက်ပြင်းရှည်ကြီး ချလိုက်မိရင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ကိုသာ ငေးကြည့်နေမိသည်။ ဇနီးသည်ကို စကားမပြန်ဖြစ်သေး။ ဖြေရှင်းစရာအဖြေက စဉ်းစားမရလေတော့ ပိုပြီး မွန်းကျပ်မိသည်။

"ကိုထွန်း"

ဒုတိယအကြိမ်ခေါ်လိုက်မှ သူလှည့်ကြည့်ရင်း စိုက်ကြည့်နေလိုက်သည်။ မျက်ဝန်းလေးတွေမှာ မျက်ရည်လေးစို့နေသည့် ဇနီးကိုကြည့်ပြီး သူတော်တော် စိတ်မကောင်းဖြစ်မိသည်။ ပန်းရန်ဆရာကတော်လို့ အပြောခံနေရပေမယ့် သားသမီးတွေအတွက် ရှေ့တန်းတင်နေရ၍ နားကနားပေါက်ပင် အသားမာတက်၍ ပိတ်နေပြီဖြစ် သည်။ ရိုးအေးလွန်းလှသော ရွှေခင်သည် သူ့အတွက် ဇနီးဝတ်တရား ကျေပွန်လှသော ပါရမီဖြည့်ဖက်ပင်။ ညားခါစကတည်းက လင်ယောကျ်ား ပြန်လာမှ ထမင်းအတူတူစားသည်။ သူ မျက်နှာမကောင်းလျှင် စိတ်မကောင်းစွာ မျက်နှာငယ်နှင့် နေနေတတ်သူ။ ဘာဝယ်ချင်သည်၊ ဘာလိုချင်သည် မပူဆာတတ်။ ပေးတာယူ၍ အဆင်ပြေအောင် ချက်ပြုတ်သည်။ လောက်ငအောင်သုံးသည်။ အိမ်ထောင်မှုနိုင်နင်းသူဖြစ်သည်။

ပေးသည့်ငွေကိုတောင် ပိုလျှံအောင် စုဆောင်းတတ်သည်။ သူအလုပ်အဆင်မပြေချိန်တွင် အဆင်ပြေအောင် တစ်ဖက်တစ်လမ်းက မပူပင်ရအောင် စီမံတတ်သူမို့ ပြောစရာမလိုသည့် ပါရမီဖြည့်ဖက်ပင်။ ခုဟာက။

"မင်း ဘယ်လို စဉ်းစားထားလဲ ရွှေခင်"

"ကိုထွန်းရယ် ကျွန်မက ဘယ်လို တွေးရမလဲရှင်။ သည်နေ့ တစ်နေကုန်လည်း ရှင်ပြန်အလာကို မျှော်နေရင်း အလုပ်လုပ်ရတာ စိတ်မဖြောင့်ပါဘူး။"

"ဟူး"

"ဘယ်တတ်နိုင်မလဲဟာ။ အဆင်ပြေအောင် ငါတို့လုပ်ပေးရမှာပဲ။ သဘာဝတရားကို လွန်ဆန်လို့မှမရတာဟာ။ မဟုတ်ဘူးလား"

"ဟို ဟို ရပ်ကွက်ရုံးတောင် လေးငါးသိန်းလောက်ကုန်မှာနော် ကိုထွန်း။ ကျွန်မတို့မှာ အကုန်အကျ အလွန်များတော့ ငွေပိုမရှိဘူးရှင်"

ဇနီးသည်စကားကြောင့် သူ ပြန်ဖြေဖို့ စကားက ရှာမရ။ တွေးစရာများလွန်းနေ၍ ဘာမှ ပြန်မပြောဘဲ နောက်ဖေးဆင်းလာခဲ့သည်။

(၃)

ထွန်းလူ သူ့အဖေကို ခုချိန် အလွန် သတိရသည်။ သားသမီး ဆယ်ယောက်ကို လယ်အလုပ်လုပ်ရင်း ရုန်းကန်ကျွေးမွေးခဲ့တာ တစ်ချက်ကလေး မညည်းခဲ့ပေ။ သားသမီးအားလုံးကို ထိုက်သင့်သည့် ဘဝရပ်တည်မှုရတဲ့အထိ တာဝန်ကျေခဲ့သည်။ ခု သူ့အလှည့်။ သားသမီး ငါးယောက်ကို အဆင်ပြေအောင်မထားနိုင်ဘူးဆို သူတော်တော်ညံ့သည်ဟု ထင်မိသည်။ အဖေထက် တစ်ဝက်ကြီး လျော့နေတာတောင် သူ စိတ်ဓာတ်ကျနေလျှင် ရှက်စရာမို့ ခေါင်းကိုရမ်းရင်း အပေါ်သို့ ပြန်တက်လာခဲ့သည်။

"ရွှေခင် မင်းလိုက်နေတဲ့ ဆုကြေးက ဘယ်ခါရမှာလဲ"

"လကုန်လေ ကိုထွန်း။ အဲဒီ ငွေလေးကိုလေ ဟို ဟို"

"အေး အဲဒါနဲ့ပဲ လုပ်ပေးရမှာပေါ့ကွာ"

"မလောက်ဘူးနော် ကိုထွန်း။ သူက သုံးသိန်းခွဲပဲရမှာလေ။ ခုက ခြောက်သိန်း၊ ခုနစ်သိန်းလောက်ကုန်မှာ။ နောက်ပြီး တခြားအတွက်လည်း ကုန်စရာတွေ အများကြီးလေ"

"သိပါတယ်။ ငါလည်း တစ်ပတ်တစ်ခါ စာရင်းရှင်းရင် မင်းကို အိမ်စားစရိတ်ပေးပြီး ပိုတာလေးတွေ စုထားတာ လေးသိန်းလောက်ရှိတယ်လေ။ ပေါင်းပြီး လုပ်ပေးလိုက်ပေါ့ကွာ"

ကိုထွန်းရယ်...လင်ယောကျ်ားစကားကြောင့် မျက်ရည်လေးသုတ်ကာ အခန်းထဲဝင်သွားသော ရွှေခင်ကိုကြည့်၍ သူ ငူငူကြီး တစ်ယောက်တည်းကျန်ခဲ့သည်။ ယောကျ်ားတန်မဲ့ ရုတ်တရက်ကျလာသော မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်ရင်း ထိုင်ခုံလေးပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဘုရားစင်အောက်နားက အဖေနှင့် အမေ့ ဓာတ်ပုံကိုကြည့်ပြီး သူပြုံးလိုက်မိသည်။

"အဖေ အဖေ တာဝန်ကျေသလို သားလည်း သားသမီးတွေအပေါ်မှာ အပြည့်အဝ တာဝန်ကျေပါရစေဗျာ။ ဒါတောင် အဖေ့ရဲ့ခြေဖျားကို သားမမီဘူးဗျာ"

စိတ်က အော်ဟစ်ရင်ဖွင့်နေရင်း မျက်ရည်တွေကတော့ အလိုလိုကျဆင်းလာသည်။ သားသမီးတွေမြင်မှာစိုး၍ အမြန်သုတ်လိုက်သည်။ အငယ်နှစ်ယောက်၏ စာကျက်သံလေးက သူ့နားထဲ သကာရည်လောင်းထည့်သလို ခံစားမိသည်။ တက္ကသိုလ် ပထမနှစ်တက်တော့မည့် သမီးငယ်ကလည်း ဂုဏ်ထူးတန်းဝင်အောင် ကြိုးစားမယ်လို့ တဖွဖွပြောနေသည်။ သမီးလတ်ကတော့ ကျောင်းဆရာမ ဖြစ်ချင်သူ။ သားကြီးကတော့ နောက်လ နောက်ဆုံးနှစ်ဖြေပြီးတာနှင့် မိန်းမ လိုက်တောင်းပေးရန် သူ့အမေကို ပူဆာပြီးပြီမို့ သူတို့ဘက်ကပဲ အားလုံးအဆင်ပြေအောင် လုပ်ပေးရတော့မည်။

(၄)

မရွှေခင်တစ်ယောက် အိပ်ရာထဲ လှဲနေပေမယ့် မျက်ရည်တွေက အတားဆီးမဲ့ ကျနေသည်။ နားရက်မရှိရုန်းကန်နေသည့် လင်ယောကျ်ားကိုကြည့်၍ သနားမိသည်။ ခုတော့ ခုတော့ သားဖြစ်သူကလည်း ကျောင်းဘွဲ့မယူရသေးဘူး အိမ်ထောင်ပြုတော့မယ်ဆိုတော့ အားကိုးစရာမမြင်တော့၍ လင်ယောကျ်ားကို ပို၍ ကရုဏာသက်ရသည်။ သုံး၊ လေးနှစ်မှ ယူပါလားပြောပေမယ့် မယူလို့မရတဲ့အခြေအနေ ဖြစ်နေပြီပြောပြ၍ ရင်ထုမနာဖြစ်ရသည်။ ကိုယ့်မှာလည်း သမီးမိန်းကလေးရှိ၍ ကိုယ်ချင်းစာမိသည်။ မြန်မြန်လက်ထပ်ပေးမှ ဖြစ်တော့မယ့်အခြေအနေမို့ မရှိတဲ့ကြားက လုပ်ပေးရတော့မည်ပေါ့။

လင်ယောကျ်ား အလုပ်သွားတိုင်း ဝယ်ထားတာကြာပြီဖြစ်သည့် သူ့ဆိုင်ကယ် အဟောင်းလေးကို မရမက စက်နှိုးနေတာ ကြည့်ပြီး ရွှေခင် စိတ်မကောင်းဖြစ်နေတာ အတော်ကြာပြီ။ ဆိုင်ကယ်လေးလဲဖို့ ပြောလည်း အမြဲတမ်းငြင်းနေသူမို့ သည်အတိုင်းငြိမ်နေရသည်။

"ရပါတယ် ရွှေခင်ရာ။ မောင်းလို့ရရင် ပြီးတာပဲဟာ။ ငါ့လိုအဘိုးကြီး အကောင်းမလိုပါဘူး။ နင့်သား လူပျိုတွေအတွက် လိုတာဝယ်ပေးလိုက်ဟာ"

"မဟုတ်ပါဘူး ကိုထွန်းရယ်။ ထိုက်သင့်တာလေးတော့ စီးပါတော်။ ကျုပ် စုထားတာလေးတွေ ရှိပါတယ်"

"ရပါတယ်ဟာ။ တော်တော် ငါက အင်ဂျင်ကောင်းရပြီ။ အသစ်မလိုဘူး။ လိုတာတွေများတယ်။"

အိမ်ဦးနတ်ကြီး ပြောသလိုပါပဲ။ ပိုက်ဆံလေးနည်းနည်းစုမိရင် လိုအပ်ချက်များလွန်းသော သားသမီးတွေကြောင့် ပိုတယ်ဆိုတာမရှိခဲ့ပေ။

"အမေရေ ကျူရှင်လခ"

"အမေရေ ကျောင်းလခသွင်းရမှာ နော်။ ဖိနပ်က ပြတ်နေပြီ ဝယ်ပေးဦး"

"အမေရေအဝတ်အစားလေးဝယ်ပေး ဦးနော်။ ကျောင်းသွားရတာ ဝတ်ရတာ ထပ်နေပြီ"

"အမေရေ အမေ အမေရေ"

လိုအပ်ချက်ပေါင်း များစွာနှင့် ပေးလိုက်ရတာကအကုန်မို့ လက်ထဲ တစ်ပြားမှ မကျန်ခဲ့ပေ။ ခုတော့ သူတို့ အိမ်ထောင်သက် ၂၅ နှစ်ပြည့် ငွေရတုမြောက်လေးမှာ ကိုထွန်းကို ဆိုင်ကယ်အသစ်လေး လဲပေးချင်တဲ့ဆန္ဒ။ အဲဒီနေ့ကျမှ ဝမ်းသာသွားအောင်ပေးမည်ဟု ရည်ရွယ်ထားတာ။ ခုတော့ သားကြီး မင်္ဂလာပွဲအတွက် ဖြစ်သွားပြီမို့ ပို၍ စိတ်မကောင်းဖြစ်မိသည်။

ဖြေသာစရာ သားသမီးအတွက်ပေမို့ ကြာကြာမငိုနိုင်ပေမယ့် ဆိုင်ကယ်အစုတ်လေးနှင့်သာ အလုပ်သွားနေသည့် ကိုထွန်းအတွက် ရင်ထုမနာတော့ ဖြစ်မိသည်။

"ကိုထွန်းရယ်။ ရှင် ရှင် အရမ်းပင်ပန်းနေပြီဆိုတာသိပါတယ်။ ကျွန်မ ရှင့်အတွက် စိတ်မကောင်းဘူးရှင်"

လောင်းကစား၊ အပျော်အပါးဝေးစွ။ ကွမ်းမစား၊ ဖက်ကြမ်းဆေးလိပ်လေးသာ သောက်တတ်သည့် အိမ်ထောင်ဦးစီးကြီးအတွက် ဘာမှမလုပ်ပေးနိုင်သည့် ဇနီးမယားတစ်ယောက်မို့ ကိုယ်တိုင် အားမလိုအားမရဖြစ်မိတာ ကြာပြီဖြစ်သည်။

(၅)

ထိုင်ခုံပေါ်မှာ ထိုင်နေသည့် ထွန်းလူ တစ်ယောက် အိတ်ကပ်လေးထဲက အမြတ်တနိုးခြစ်ကုတ်ပြီး စုထားသည့် ဘဏ်စာအုပ်လေးကို ကြည့်ပြီး ပြုံးလိုက်မိသည်။ အပြုံးမှာ မျက်ရည်စတွေပါနေသည်ဆိုတာ သူကိုယ်တိုင်ပဲသိမည်။

အဝတ်နွမ်းလေးနှင့် ရိုးရိုးလေးနေတတ်သည့် မဟေသီဇနီး။ သူနှင့်ရကတည်းက ရွှေဆိုတာမဝတ်ရဘဲ သားသမီးတွေအတွက် အမြဲတမ်း ရှေ့တန်းတင်တတ်သူ။ အပြုံးချိုချိုနှင့် ငယ်ပေါင်း ဇနီးမယားမို့ ပို၍ သံယောဇဉ်ကြီးရသူ ဖြစ်သည်။

"ရွှေခင်ရယ် မင်းလည်း အဝတ်အစားလေး ဝယ်ပါဦးဟ။ သွားဟယ်လာဟယ် ဆို လိုတယ်လေဟာ"

"အမလေး ကိုထွန်းရယ်။ ထမင်းသုံးနပ်စာ၊ မီးဖိုချောင်၊ သားသမီးလိုရာတွေက အများသားတော်။ သူများနားချေးငှားရမှာ ကြောက်တယ်တော့။ ကြွေးပူမရှိတာ စိတ်ချမ်းသာတယ်။ ကျွန်မ အိမ်ဝေယျာဝစ္စနဲ့ မအားပါဘူး။ အဝတ်အစားကောင်းမလိုဘူး။"

"ရွှေခင်ရယ်။ ထိုက်သင့်သလောက်ပေါ့ဟာ။ လူရှိသေရှင်ရှိသေတော့ ဝတ်ရမှာပေါ့ဟ"

"မလိုဘူးရှင်။ အိမ်မှာ ဆန်၊ ဆီ ပြည့်စုံရင် ကျေနပ်ပြီ"

အလိုက်သိ အိမ်ထောင်မှုနိုင်နင်းလှသည့် ဇနီးမယားအတွက် သူ တစ်ခုခုလေး လုပ်ပေးချင်ခဲ့တာ ကြာပြီဖြစ်သည်။ အကောင်အထည် မဖော်ဖြစ်၍ စိတ်မကောင်းဖြစ်နေတာ ကြာပြီ။ နောက်လ သူတို့လင်မယား မင်္ဂလာသက်တမ်း ၂၅ နှစ် ရွှေရတုပြည့်လေးမှာ ဝမ်းသာသွားအောင် ထိုက်သင့်တဲ့နားကပ်လေးနဲ့ လက်စွပ်လေးလုပ်ပေးဖို့ ရည်ရွယ်ထားတာ။ ခုတော့ သားကြီး မင်္ဂလာဆောင်အတွက် သုံးရတော့မှာမို့ သူ့ရင်ထဲ ပို၍ ကြေကွဲမိသည်။

"ရွှေခင်ရယ် မင်းအတွက် လုပ်ပေးဖို့ ရည်ရွယ်ထားသမျှ ဆန္ဒတွေမပြည့်ခဲ့ဘူးဟာ။ လိုအပ်ချက်များလွန်းလို့ ငါ့ကို ငါလည်း ဒေါသထွက်မိတယ်။ ငါ တာဝန်မကျေသလို ခံစားရတယ်။ သူများတွေ သူတို့ ဇနီးမယားကို ညွှတ်နေအောင် ရွှေတွေဆင်ကြတော့ ငါ အားငယ်မိတယ်ဟာ။ နင့်ကိုလည်း သနားမိတယ်။ ငါ အသုံးမကျတာပါ"

အတွေးနှင့် ငိုရှိုက်ရင်း သူနှင့်ရွှေခင် ခိုးပြေးတုန်းကအဖြစ်ကို သတိရလိုက်မိသည်။ မိဘတွေက ပြန်ခေါ်၊ အဖေကပဲ လယ်ကွက်တစ်ကွက်ရောင်းပြီး မင်္ဂလာဆောင်ပေးခဲ့တာကို တွေးမိပြီး ပြုံးလိုက်မိသည်။

ကျင်လည်နေကျ လူ့ဘဝကြီးမှာ သားသမီးနေရာကနေ မိဘဆိုသည့်နေရာကို လူတိုင်းရောက်ရမှာ မလွဲဧကန်ပင်။ စက်ဝိုင်းကြီးလို လည်ပတ်နေတာမို့ သားသမီးတွေလည်း မိဘနေရာရောက်ရင် သူတို့လိုပဲ ပေးဆပ်ကြမှာလို့ တွေးမိသည်။

အဖေကလည်း သူတို့မောင်နှမတွေကို တစ်ယောက်မကျန်လေအောင်၊ လောကကြီးအလယ်မှာ ရပ်တည်နိုင်အောင် ပြုစုပျိုးထောင်၊ ပညာသင်ပေးလို့ မိဘတာဝန်ကျေခဲ့သည်။ သူကိုယ်တိုင်လည်း သားသမီး ငါးယောက်ကို တစ်ယောက်မှ မကျန်ရလေအောင်၊ သူတို့ လိုရာခရီးသို့ ရောက်အောင်ပို့ပေးရမည်။ လောကသဘာဝမို့ ပေးဆပ်သူအများစုဟာ မိဘတွေပဲမို့ နောက်သားသမီးတွေအတွက် ကြိုးစားရုန်းကန်ရဦးမှာပဲဟု တွေးရင်း စိတ်အားတင်းလိုက်ပါတော့သည်။ ။

## ထူးမြတ်ပေစွတပေါင်းလ

* ရွက်သစ်တွေ စိမ်းမြမြ
ယိမ်းကကြ ပင်ယံဆီ။
ပန်းရနံ့စုံ လေမှာနှောလို့
ဥသြအော်မြည်။
တပေါင်းလ မိန်ရာသီ
ချိန်ခါညီ လေပွေသရမ်း။
ပန်းသရဖီ မြိုင်ယံဦးမှာ
ဖူးပွင့်လို့လန်း။
* နေ့ပူကာ ညချမ်းလို့
အလှဆန်းသည့် ရာသီခါ။
ပန်းမျိုးစုံ ပင်ယံထက်
ပွင့်လျက်ကယ်ဖြာ။
ကောင်းကင်က တိမ်ခက်လွှာ
လိမ်ယှက်ကာ မိုးသားကျူး။
လွမ်းမောဖွယ် နွေကာလ
လှပုံကထူး။
* သဲသောင်ပြင် ကမ်းနဖူး
မှန်းရည်စူး စေတီတည်။
ရှေးရိုးရာ နှစ်စဉ်အမြဲ
ပွဲကြလေသည်။
မြတ်ဗုဒ္ဓ ဦးခိုက်ရည်
ဖူးထိုက်ပြီ သက်ရှိထင်ရှား။
ပေါင်းစည်းကာ ဒါနအစုကို
ကုသိုလ်ရယ်ပွား။ ။

ပန်းမာလာ

## မြန်မာ့လှူပွဲ ခြိမ့်ခြိမ့်သဲ

* ရိုးရာဓလေ့ ချစ်ဖွယ်ရှင်
ရှင်ပြုအလှူပင်၊
နားသပေါ့ရှင် မြတ်သမီး
သားက ရှင်လောင်းကြီး။
* ကျေးမွေးမငြီး များလူတွေ
ပေးကမ်းဒါနဝေ၊
ရှင်လောင်းလှည့်စေ လူအများ
ပရိက္ခရာစုစ်ပါး။
* သံဃာတော်အား လှူဒါန်းတယ်
ဩေးနဲ(နည်း)စာနှင့်ရွှယ်၊
သန့်ရှင်းလှူဖွယ် ဒါနပန်း
မင်္ဂလာ နိဗ္ဗာန်လမ်း။
* သံသရာမှန်း လှူဒါန်းနေ
လှပစိတ်ထားပေ၊
မြန်မာတွေရဲ့ အလှူပွဲ
စည်ကားခြိမ့်ခြိမ့်သဲ။ ။

ငြိမ်းချမ်းအောင်(နောင်ကြီး)

ဆောင်းပါး

# စာနာစိတ်ဖြင့် မျှဝေပါ

## မောင်ကြည်လင်(ရွှေကြိုးကြာ)

"သူ့နေရာမှာသာ ကိုယ်ဝင်မကြည့်ဘူးဆိုရင် ကိုယ်ချင်းစာတရားဆိုတာရှိလာမှာ မဟုတ်ပါဘူး" ဟူသော စကားလေးမှာ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် အမြဲလိုပင်ကြားနေရသော စကားတစ်ခွန်းပင်ဖြစ်ပါသည်။ ထိုစကားစုလေးသည် ကိုယ်ချင်းစာတရားကို အခြေခံတတ်အောင် ပြောကြသည့် စကားပင်ဖြစ်ပါသည်။

ကိုယ်ချင်းစာစိတ်သည် လူတစ်ဦးတွင် မိမိအတွက်သာမက တစ်ပါးသူအတွက်ပါ အလွန်အရေးပါသည့် စိတ်ဓာတ်ပင်ဖြစ်ပါသည်။ ရုပ်အဆင်းလှပသော်လည်း ကိုယ်ချင်းစာစိတ်မရှိသော သူသည် "ကျီးအာသီး"နှင့်တူပေသည်။ ကျီးအာသီးသည် အပြင်ကကြည့်လျှင် နှစ်သက်ဖွယ်၊ စားချင်စဖွယ်ကောင်းပေ၏။ သို့သော် အတွင်းဘက်တွင် အော့အန်ချင်စရာပင်ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်အဆင်းလှပသော်လည်း ကိုယ်ချင်းစာတရားကင်းမဲ့လျှင် ထိုသူကို လူအများရှောင်ရှားပစ်ပယ်ကြပေလိမ့်မည်။

**စိတ်ကောင်းရှိဖို့ ပထမ**

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက သူ့ကျောင်းတိုက်ရှိစာသင်သားများအတွက် စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ထားရာတွင် "စိတ်ကောင်းရှိဖို့ ပထမ" ဟူသော စာသားကို အမှတ်စဉ်တစ်အဖြစ် သတ်မှတ်ထားပါသည်။ စိတ်ထားကောင်းရှိမှသာ နောက်ဆက်တွဲ အကြံအစည်၊ စိတ်ကူးစိတ်သန်း၊ အလုပ်အကိုင်များကို ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ စိတ်ကောင်းရှိရန် စာနာစိတ်သည် ပင်မပထမပင်ဖြစ်ပါသည်။

စာနာစိတ်နှင့် နေထိုင်တတ်သူသည် အရေးကြုံလာသောအခါ တစ်ပါးသူကို ကူညီပေးတတ်ကြပါသည်။ ကျွန်တော်တို့အားလုံး မည်သည့်ကိစ္စကိုဖြစ်စေ ဦးနှောက်နှင့်စဉ်းစားကြမည်။ နှလုံးသားဖြင့် ခံစားတတ်ရမည်။ ထို့နောက်တွင် လက်တွေ့လုပ်ဆောင်ကြရပေလိမ့်မည်။

"ဆေးဝါး မပါဘဲ ကုသပေးခြင်းသည် ရွက်မပါသော လှေဖြင့်ခရီးနှင်ခြင်းဖြစ်လျှင်၊ စာနာမှုမပါဘဲ ဝန်ဆောင်မှုပေးခြင်းသည် ပဲ့မပါသောလှေဖြင့် ခရီးနှင်ခြင်းဖြစ်သည်"ဟူသော စာသားလေးတစ်ခုကို လွန်ခဲ့သောရက်က ဆေးရုံတစ်ရုံသို့ လူနာသတင်းသွားမေးခဲ့စဉ် ဆေးရုံအတွင်း၌ ရေးသားထားသည်ကို ကျွန်တော်သတိထားမိခဲ့သည်။ ထိုစာသားလေးမှာ အလွန်တန်ဖိုးရှိပါသည်။ ထို့အတူ လူသားချင်း စာနာစိတ်ထားရှိရန် လမ်းညွှန်ပေးထားခြင်းလည်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် မည်သည့် နေရာ၊ ဌာန၊ လုပ်ငန်းခွင်၊ ပြောဆိုဆက်ဆံရေး၊ အကူအညီပေးခြင်း စသည့်နယ်ပယ်အားလုံးတွင် စာနာစိတ်ဖြင့် ချဉ်းကပ်ရန် အလွန်အရေးကြီးပါသည်။ စာနာမှုမပါဘဲ ကူညီပေးခြင်းသည် ကူညီရာမရောက်ဘဲ အများအထင်သေးခြင်းကို ခံကြရနိုင်ပါသည်။

> **"ယနေ့ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် စာနာစိတ်များနည်းပါးလာကြ၏။ ခရီးသည်တင် ကားများပေါ်တွင် သက်ကြီးရွယ်အိုများက မတ်တတ်ရပ်လျက်၊ လူငယ်လူရွယ်များက စတိုင်ကျကျဖြင့် ထိုင်ရာကမထ နေရာဖယ်ပေးရကောင်းမှန်း မသိကြပေ။"**

စစ်မှန်သော စာနာစိတ်သည် လေးစားဖွယ်ဖြစ်၏။ ဘရာဇီးနိုင်ငံမြို့လေးတစ်မြို့တွင် လူငယ်သုံးဦး ကျောင်းအားချိန်တွင် ဖိနပ်တိုက်သည့် အလုပ်ကို လုပ်ကြ၏။ တစ်နေ့ ဆိုင်ပိုင်ရှင်တစ်ဦး ရောက်လာလေ၏။ ထိုအခါ လူငယ်သုံးဦးက ဖိနပ်တိုက်လိုကြောင်း အလုအယက်ပြောသောအခါ သူဌေးသည် မည်သူ့ကို ရွေးရမှန်း အခက်တွေ့လေ၏။ ထိုအခါ သူဌေးက "မင်းတို့တစ်ဦးချင်းဆီ ဘာကြောင့် ဖိနပ်တိုက်ခရရန် အရေးကြီးသလဲဆိုတာ ပြောပြပါ။ မင်းတို့ပြောတာ နားထောင်ပြီး ငါဆုံးဖြတ်မယ်။ တိုက်တဲ့သူကို ငွေနှစ်ကျပ်ပေးမယ်"ဟု ပြောလေသည်။

ထိုအခါ ပထမလူငယ်က "ကျွန်တော်ထမင်းမစားရတာ တစ်ရက်လုံးရှိပါပြီ။ ဖိနပ်တိုက်ခရမှ စားရမှာမို့ ကျွန်တော့်ကို တိုက်ခွင့်ပေးပါ၊ ဗိုက်အရမ်းဆာနေပြီ"ဟု ပြောလေသည်။ ဒုတိယလူငယ်က "ကျွန်တော်ထမင်းမစားရတာ သုံးရက်ရှိပါပြီ။ အိမ်ကမိသားစုတွေလည်း မစားရလို့ အားပြတ်နေကြပါပြီ။ ကျွန်တော် အိမ်ပြန်ရင် ပိုက်ဆံပါသွားမှဖြစ်မယ်၊ မဟုတ်ရင် အရိုက်ခံရလိမ့်မယ်၊ ကျွန်တော့်ကို ဖိနပ်တိုက်ခွင့်ပေးပါ"ဟု ပြောပြန်၏။

တတိယကလေးက ငြိမ်နေသဖြင့် "မင်းကကော ဖိနပ်မတိုက်ချင်ဘူးလား"ဟုမေးသောအခါ "သူတို့ပြောတာ ဟုတ်ပါတယ်။ ဒီတော့ ဒီလိုလုပ်ပါ၊ ကျွန်တော့်ကို ဖိနပ်ပေးတိုက်ပါ။ ငွေနှစ်ကျပ်ရရင် သူတို့နှစ်ယောက်ကို တစ်ယောက်တစ်ကျပ်စီ ပေးလိုက်ပါမယ်။ ကျွန်တော်က မြေပဲဆန်နည်းနည်းစားထားလို့ အားရှိတယ်။ သူတို့နှစ်ယောက်က ဖိနပ်တိုက်ဖို့တောင်အားမရှိဘူး။ အဲဒါကြောင့် ကျွန်တော့်ကို ဖိနပ်တိုက်ခွင့်ပေးပါ။ ကျွန်တော် အကောင်းဆုံး တိုက်ပေးပါမယ်။ စိတ်တိုင်းကျဖြစ်စေရပါမယ်"ဟု ဖြေကြားလေသည်။

**ထူးမြတ်သော စာနာစိတ်**

သူဌေးသည် အံ့ဩစွာဖြင့် တတိယကလေးကို ဖိနပ်တိုက်ခွင့်ပေးလိုက်လေသည်။ ထို့နောက် ငွေနှစ်ကျပ်ထုတ်ပေးလိုက်သောအခါ ကလေးသည် ကတိအတိုင်း သူငယ်ချင်းနှစ်ယောက်ကို တစ်ကျပ်စီ ခွဲဝေပေးလိုက်လေ၏။ ဖိနပ်တိုက်သော လူငယ်လေးမှာ ပြုနိုင်ခဲသော အလုပ်ကို လုပ်ပြခဲ့ပါသည်။ မိမိအရေးထက် တစ်ပါးသူအရေးကို ဦးစားပေးလုပ်ဆောင်နိုင်သော စိတ်မှာထူးမြတ်သော စာနာစိတ်ပင်ဖြစ်ပါသည်။

ယနေ့ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် စာနာစိတ်များနည်းပါးလာကြ၏။ ခရီးသည်တင်ကားများပေါ်တွင် သက်ကြီးရွယ်အိုများက မတ်တတ်ရပ်လျက်၊ လူငယ်လူရွယ်များက စတိုင်ကျကျဖြင့် ထိုင်ရာကမထ နေရာဖယ်ပေးရကောင်းမှန်း မသိကြပေ။ လူကြီးမိဘများက ခိုင်းစေလျှင် ဝိုင်းကူကြသူများက လူနည်းစုသာဖြစ်၏။ ကိုယ့်အားကိုယ်ကိုးလိုသော စိတ်၊ တစ်ပါးသူကိုစာနာတတ်စိတ်၊ ကူညီလိုစိတ် ရှိမှသာလျှင် ကျွန်တော်တို့အားလုံး အောင်မြင်သော ဘဝဖြင့် ပန်းတိုင်သို့ရောက်နိုင်မှာဖြစ်ပါသည်။

စာနာစိတ်ကြောင့် ကျွန်တော်တို့ နှလုံးသားမှာ သန့်ရှင်းမှုကို ရရှိနိုင်၏။ ရိုးသားမှုကို ပုံဖော်နိုင်သည်။ တစ်ပါးသူ၏ ညွတ်နူးမှုကို ရရှိစေပါသည်။ ကျွန်တော်တို့ မည်သည့်အလုပ်ကိုမဆို တစ်ပါးသူ၏ အကျိုးစီးပွားကို လိုလားမှသာလျှင် မိမိအကျိုးစီးပွားလည်း အောင်မြင်တိုးတက်နိုင်မည်မှာ ဧကန်ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံး လူသားကျင့်ဝတ်ကောင်းမွန်ခြင်းနှင့်အတူ ဘဝတစ်လျှောက် လူသားအချင်းချင်း စာနာစိတ်ဖြင့် မျှဝေနေထိုင်ကြပါစို့ဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

## ပညာအလင်း ဖြန့်ဝေခင်း

သိပညာ အလင်းဖြန့်လို့
ရှင်းသန့်တဲ့ စိတ်ကိုဆောင်။
မှန်မြတ်ဖွယ် ပရအကျိုး
သယ်ပိုးခုနှောင်။
အနာဂတ် လူတို့ဘောင်
သာယာအောင် လမ်းပြပေး။
အတ္တမာန် အစွယ်ဖြတ်လို့
ပယ်သတ်အဝေး။
ဖြူစင်ဖွယ် စိတ်ထားလေးနဲ့
ကြိုးစားမနေး လှူရပ်ထံ။
စေတနာ စိတ်ကောင်းထား
ရိုးသားရှင်းသန့်။
အမိုက်တရား ရှောင်ကြဉ်အမှန်
အောင်မြင်ရန် ဘယ်မလွဲ။
ယုံကြည်ရာ အနာဂတ်ကို
ဖြောင့်မတ်စေအမြဲ။
ကြုံဆုံလာ အခက်အခဲ
ရင်ဆိုင်နွဲ ဖြတ်ကျော်လေ။
ကောင်းရာကို တွေးကြံပြီ
ကောင်းမှုရှာဖွေ။
ပညာအလင်း ပေးဖြန့်ဝေ
ဖွေးသန့်စေ စိတ်နှလုံး။
လောကဓံကို ဘယ်မမှုကွယ်
အန်တုရှင်ပြုံး။ ။

ရဲသွေးနီ(တက်ဝန်)

## မီးဘေးကင်းဖို့

လေတိုက်ချိန် မီးကိုငြိမ်း
ထိန်းသိမ်းလို့ ချက်ပြုတ်ပါ။
မီးကြွင်းကျန် မရှိရေး
လေးစားလိုက်နာ။
မီးသတိ ပြုစေရာ
စည်းစိမ်မှာ တည်မြဲ။
ပေါ့ဆလျှင် မီးဘေးသင့်မယ်
တွေးချင့်ရင်ထဲ။
မီးဘေးရှောင် မလောင်ခင်တား
သန့်ရှင်းထား စည်းကမ်းဆောင်။
မီးသတ်ကန် ရေကိုဖြည့်
မေ့လျော့မရှိအောင်။
မီးချိတ်တို့ အမြဲထောင်
တုပ်ချည်နှောင် သဲအိတ်တို့။
မီးရန်သူ အန္တရာယ်ဝေး
စိတ်အေးရဖို့။
မီးဖိုချောင် လျှပ်စစ်အား
မီးပလတ်များ မမေ့စေ။
ပိတ်ကြပါ လူမရှိရင်ဖြင့်
သတိထားလေ။
ပူပြင်းလျက် ကျွမ်းလောင်ပေ
ဝါယာတွေ ရှော့ခ်ဖြစ်တတ်။
နွေရာသီ အစပျိုးမှာ
နိုးဆော်စိုးမြပ်တ်။ ။

ဖြိုးထက်(ရေစကြို)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂျွန်ရပ်ကွက်၊ ဆင်လုလမ်း၊ အမှတ်(၁၅)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦးမှ တတိယထပ်၊ ဝဲဘက်၊ (၄)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ် အဝန်း (11½ ပေ X 50 ပေ)ရှိ လူနေတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မေတ္တာဖြင့် တိုက်ခန်း ပေးကမ်းခြင်းကတိစာချုပ်အရ ပိုင်ဆိုင်နေထိုင်လျှက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်လေး (ဘ) ဦးမောင်မောင်ထွန်း၊ (၁၂/အလန(နိုင်)၀၃၇၈၅၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၁၅.၂.၂၀၂၃)ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို(စဉ် - ၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ - ၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သရက်မြိုင်လမ်း၊ ဝက်သစ်ချအိမ်ရာ၊ တိုက်အမှတ်(၈၀)၊ အခန်းအမှတ် (B–C/6)၊ ၃–လွှာတိုက်ခန်း (၁၅ပေx၄၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် စွဲကပ်တပ်ဆင်ထားသော အဲကွန်းတစ်လုံး၊ ရေတိုင်ကီ၊ ရေစက်၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို ယခုရောင်းချသူ ဦးဇော်မင်း [၁၂/လမန(နိုင်)၀၂၈၂၀] မှ အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့်** တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် **အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းရာ** ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲပွင့်ဖြူ (LL.B)၊ (စဉ်–၅၃၅၈၆)**
**အထက်တန်းရှေ့နေ**
**အမှတ် (၄၃၅)၊ ပထမထပ်၊ ကမ်းနားလမ်း၊ သရက်တော(မြောက်)ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊မြေကွက်အမှတ်(၁၂၄၆)၊ ဧရိယာ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ (၀.၅၅)ဧက(၂၄၀၀)စတုရန်းပေရှိသည့်အနက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် ခေါင်းရင်းခြမ်း၊ မြေကွက် အမှတ်(၁၂၄၅) နှင့်ကပ်လျက်ရှိသော အမှတ်(၁၂၄၆) (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်တစ်ခုလုံးပေါ်ရှိ တိုက်ခံအိမ်နှင့် ပတ်သက်ဆက်စပ်နိုင်သည့် အခြားအကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးမြတ်မိုးဦး [၁၂/လမန(နိုင်)၁၀၇၅၃၈] မှ မိမိပိုင်ဆိုင်သော မြေနှင့်တိုက်ခံအိမ်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းကို ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ) အဖြစ်ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြကေခိုင်(LLB,DBL,TTI,CFS,Strategic Organization Management)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၇၅၇၁)**
**ဖုန်း–၀၉–၂၆၁၄၅၀၈၉၈၊ ၀၉–၆၇၉၃၇၂၀၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

